ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (17-1-2004) (၄၁၁၈)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ဂါရဝပြုတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက် ဂါရဝပြုတွေ့ဆုံစဉ်။

(သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၁၉၆၀၄၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဗီရင်ဂျေရှားနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Rajiv Kumar Bhatia လည်း တက်ရောက်သည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဗီရင်ဂျေရှားနှင့်အဖွဲ့ဝင်များက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ လာရောက် ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror ၁၇-၁-၂၀၀၄ (စနေနေ့)

နယ်မြေဒေသအားလုံး မျှတစွာဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များစီမံဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြိုးပမ်းဖော်ဆောင်ပေးနေသည်။

ယင်းသို့ဆောင်ရွက်ရာတွင် နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ထို့ပြင် ပြည်နယ်နှင့် တိုင်းများကို အခြေခံပြီး ဖွံ့ဖြိုးရေးတွင် ကြားကွက်လပ်သဖွယ်ဖြစ်နေသည့် ဒေသများကိုလည်း ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု သတ်မှတ်ဆောင်ရွက်ပေးနေသည်။

အလားတူပင် နိုင်ငံတော်၏ လူဦးရေ အများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျေးလက်ဒေသများအားလုံးတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေနှင့်သောက်သုံးရေရရှိရေးနှင့် ကျေးလက်စီးပွားရေး တိုးတက်မြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီလ ၁၁ရက်က တနင်္သာရီတိုင်း ထားဝယ်ဒေသလောင်းလုံမြို့နယ် အစွန်အဖျားကျေးလက်ဒေသများအထိ သွားရောက်ကာ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများကို လေ့လာခဲ့ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၁၂ရက် နံနက်တွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ထားဝယ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

ယနေ့ခေတ်ကာလကဲ့သို့ နိုင်ငံတော်တာဝန်ရှိ ပုဂ္ဂိုလ်များကိုယ်တိုင် ကျေးလက်အစွန်အဖျားဒေသများအထိသွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်နေသည့် အချိန်အခါတွင် အောက်ခြေဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ကျေးလက်ဒေသများသို့ အခါမလပ်သွားရောက်ပြီး ဒေသ၏အခြေအနေ၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ အခြေအနေမှန်များကို လေ့လာသိရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်သင့်သည်များကို စီမံဆောင်ရွက်ကြဖို့ လိုကြောင်း ပြောကြားသွားသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆင့်ကဲဆင့်ကဲ တာဝန်ယူကြီးကြပ်ပြီး စေတနာရှေ့ထား လုပ်ကိုင်ကြမှသာ လုပ်ငန်းများ အောင်မြင်ပြီးမြောက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရေးတွင် ကျေးလက်များ၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသကဲ့သို့ မြို့နယ်အဆင့် တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသများအထိ သွားရောက်ကာ လိုအပ်ချက်များကို စီမံဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မူကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိန်ထွားသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ အကြံပေး ပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးကြသည့် Mo Asia Co., Ltd. (DUMEX) နှင့်Loi Hein Co.,Ltd. တို့မှ တာဝန်ရှိသူများ၊ မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်များနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် ရင်သွေးငယ်များ၊ မိဘအုပ်ထိန်းသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဗိုလ်လုပွဲများအဖြစ် ရိုးရိုးအပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အရောင်ရွေးပြေးပွဲ၊ အကျႌဝတ်ပြေးပွဲ၊ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို ကျင်းပသည်။

ပြိုင်ပွဲများအသီးသီးအပြီးတွင် ဆုရရှိကြသော ရင်သွေးငယ်များအား ဝန်ကြီး ဗိုလ်ချုပ် စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ ဝန်ကြီး၏ ဇနီး ဒေါ်ခင်ခင်အေး၊ ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ခင်နွယ်နွယ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

အသီးသီးရရှိ

ကာယစွမ်းရည်ပြိုင်ပွဲတွင် မူလတန်းကြိုကျောင်းအမှတ်(၁)က ပထမဒိုင်းဆု ရရှိပြီး၊ မူလတန်းကြိုကျောင်းအမှတ်(၃)က ဒုတိယနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် မူလတန်းကြိုကျောင်းက တတိယဆု အသီးသီးရရှိကြသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရန်ကုန်တိုင်း မူလတန်းကြို ကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသော လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းကြိုကျောင်းအား ဆုချီးမြှင့်စဉ်။

(လူမှုဝန်ထမ်း)

ဗဟိုမီးသတ်သင်တန်းကျောင်း သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ အနော်ရထာခန်းမတွင် ဇန်နဝါရီ ၁၂ရက် နံနက်က အခြေခံဆေးတပ်စု သင်တန်းအမှတ်စဉ် (၁/၂၀၀၄) အခြေခံမီးသတ်ပညာ သင်တန်း အမှတ်စဉ်(၂၅/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) တပ်မတော် ဆေးရုံကြီး ခုတင် ၇၀၀ ဆံ့ တပ်မှူး ဗိုလ်မှူးချုပ်ထွန်းရီ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ရဲဗဟိုလေ့ကျင့်ရေးဌာနကျောင်းအုပ်ကြီး၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းရှိ အရာရှိတပ်ဖွဲ့ဝင်များ၊ သင်တန်းကျောင်း နည်းပြများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားသင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် ဇန်ဝါရီ ၁၃ရက်တွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ပေါ်ရှိ မီးသတ်စခန်းများအား စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✳ မြှောက်တိုင်းလည်း မမြှောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ပဉ္စမတန်း(က)မှ မြို့နယ်ဘက်စုံထူးချွန် ပထမဆုနှင့် စာပေဘာသာစုံထူးချွန် ပထမဆုရရှိသော မအိမ့်မြင့်မိုရ်စိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းက ဆုချီးမြှင့်စဉ်။

(က–ပ)

စလင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီတွင် မဟာဗန္ဓုလလမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်ရှိ မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ကြရန် နိုးဆော်ထားသည်။

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် အလှူငွေများကို အစည်းအဝေးတွင်လည်းကောင်း၊ ကြိုတင်၍လည်းကောင်း လှူဒါန်းကြရန်နှင့် အသက်(၇၅)နှစ်ပြည့် အသင်းဝင်စာရင်းနှင့် အခြေခံပညာအထက်တန်းအောင် ဂုဏ်ထူးရ အသင်းဝင် သားသမီးများစာရင်းကို ဒေါက်တာထွန်းဆိုင် ဖုန်း–၆၁၀၈၁၇၊ ဦးစန်းညိုအောင် ဖုန်း–၆၈၁၂၃၀နှင့် ဦးလင်းသက်မော် ၀၉၅၀၁၂၁၅၉တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များက ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့သည်မှာ (၁၀) လပြည့်ရန် ရက်ပိုင်းမျှသာ လိုတော့သည်။ ယင်းစစ်ပွဲတွင် သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာလည်း ၅၀၀နီးပါး ရှိနေပြီဖြစ်သည်။ အဆိုပါ ပမာဏသည် ဗီယက်နမ်စစ်ပွဲ၏ ပထမသုံးနှစ်အတွင်း သေဆုံး ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေထက်ပင် ကျော်လွန်သွားပြီ ဖြစ်သည်။

အမေရိကန်တို့အနေဖြင့် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်နိုင်ခဲ့သော်လည်း အီရတ် ခုခံတွန်းလှန်ရေးသမားများ၏ ကြံ့ကြံ့ခံတိုက်ခိုက်မှုကိုရင်ဆိုင်နေရဆဲဖြစ်သည်။ အင်အားချင်း မမျှသော်လည်း အီရတ်ပြည်သူများ၏ စိတ်ဓာတ်ကို ကမ္ဘာကသိအောင် ပြသခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတရွေးကောက်ပွဲကို ယခုနှစ်တွင် ကျင်းပမည် ဖြစ်သည်။ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ လွဲမှားသည့် အကြောင်းပြချက်ဖြင့် ဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲကို ဒီမိုကရက်တစ်အမတ်များက ယနေ့တိုင် ပြင်းပြင်း ထန်ထန် ဝေဖန်နေဆဲဖြစ်သည်။ အီရတ်ကို တိုက်ခိုက်ရန် အဓိက အကြောင်း ပြချက်ဖြစ်သည့် ဆက်ဒမ်ဟူစိန်တွင် လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက် များရှိသည်ဆိုခြင်းကို ယနေ့တိုင် သက်သေပြနိုင်ခြင်းမရှိခဲ့ပေ။

ဇန်နဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဘာကူဘာ မြို့ ရဲစခန်းတစ်ခု၏ အပြင်ဘက်၌ အသေခံ ဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့ရသော ယာဉ်တစ်စီး ကို အီရတ်နိုင်ငံသားတစ်ဦးက ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံသား များ ရန်းရင်းဆန်ခတ်ဖြစ်ပွားရာတွင် ထိခိုက်ဒဏ်ရာ ရရှိသူ အီရတ်နိုင်ငံသား တစ်ဦးအား ဆေးရုံသို့ ခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်ဆင်

ဇန်နဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဆာမာရာမြို့ ရှိ နေအိမ် တစ်အိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက် ရှာဖွေရန် ပြင်ဆင်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲကို ဒီမိုကရက်တစ် အမတ်များ ပြင်းပြင်းထန်ထန် ဝေဖန်နေဆဲ

ရှာဖွေ

ဇန်နဝါရီ ၁၄ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာ မြို့တွင် နေအိမ်တစ်အိမ်အတွင်း စာရွက်စာတမ်း များနှင့် ပစ္စည်းများကို အမေရိကန် တပ်ဖွဲ့ဝင်များက ရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့အနီး အိမ် တစ်အိမ်ကို ဝင်ရောက်ရှာဖွေရာတွင် မသင်္ကာသူ အီရတ်လူငယ်တစ်ဦးအား အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးကစစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင်ဇန်နဝါရီ၁၄ရက်က ကားဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့တွင် ကိုယ့်ကိုယ်ကိုသတ်သေနှုန်း မြင့်မားနေ၍ လေ့လာဆန်းစစ်ရန် အဖွဲ့စေလွှတ်ထား

ဝါရှင်တန် ဇန်နဝါရီ ၁၄

အီရတ်ရှိအမေရိကန်စစ်သည်များအကြားဖြစ်ပွားနေသော ကိုယ့်ကိုယ်ကိုသတ်သေမှုနှုန်းသည် ငြိမ်းချမ်းစဉ်ကာလ၌ ပုံမှန်ရှိနေသော သတ်သေမှုနှုန်းထက် သုံးပုံတစ်ပုံ ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်မှ ထိပ်တန်းဆရာဝန်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပြည်ပတာဝန်ကို ထမ်းဆောင်ပြီး အမိမြေသို့ ပြန်ရောက်နေကြသော တပ်ဖွဲ့ဝင် ၂၅၀၀မှာ ဆေးဝါးကုသမှု ခံယူရန် စောင့်ဆိုင်းလျက်ရှိကြသည်ဟု ဒေါက်တာဝီလျမ်ဝင်တန်ဝါဒါက ပြောကြားသည်။

အလှည့်ကျ

၎င်းမှာစစ်တပ်၏ ဆေးဘက်ဆိုင်ရာ လက်ထောက် အတွင်းရေးမှူးတစ်ဦး ဖြစ်သည်။ လာမည့်နွေဦးရာသီတွင် အလှည့်ကျ စစ်မြေပြင် တာဝန်ထမ်းဆောင်ရေးအစီအစဉ်အရ တပ်ဖွဲ့ဝင် ထောင်နှင့် သောင်းနှင့်ချီ၍ အမေရိကန်သို့ ပြန်ရောက်လာကြရန်ရှိသည်။

ထိုအခါလိုအပ်သူများကို ဆေးဝါးကုသမှုပေးနိုင်ရန်အတွက် အမေရိကန်စစ်ဌာနချုပ်သည် ဆေးဘက်ဆိုင်ရာ လိုအပ်ချက်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်ဟု ဝင်တန်ဝါဒါက ဆိုသည်။

အမေရိကန် တပ်ဖွဲ့ဝင်များအကြား ကိုယ့်ကိုယ်ကို သတ်သေမှုအခြေအနေကို စိုးရိမ်မကင်းဖြစ်လာသောကြောင့် အခြေအနေအရပ်ရပ်ကို လေ့လာအကဲဖြတ်ရန် အီရတ်သို့ စိတ်စစ်ရေးအဖွဲ့တစ်ဖွဲ့ကို ပြီးခဲ့သော နှစ်ကုန်ပိုင်းက စေလွှတ်ခဲ့ရသည်။ ဖြစ်ပေါ်နေသော အခြေအနေနှင့်ပတ်သက်၍ ကူညီဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို စေလွှတ်ထားသောအဖွဲ့က စူးစမ်းရှာဖွေကြမည်ဟုဆိုသည်။

တွေ့ကြုံကြရ

အီရတ်မှပြန်လာသော ဖို့ဘရက်ခံတပ်စခန်းမှ တပ်ဖွဲ့ဝင်အချို့သည် သူ့ကိုယ်သူနှင့် ဇနီးကိုပါ သတ်သေကြသည့်အဖြစ်များနှင့် တွေ့ကြုံကြရသည်။

ထိုအခြေအနေများပေါ်ပေါက်လာပြီးနောက်ပိုင်း အီရတ်ပြန် အမေရိကန်တပ်ဖွဲ့ဝင်များကို လူမှုရေးအရ ဆေးဘက်ဆိုင်ရာ ပညာပေးဆွေးနွေးမှုများ ပိုမိုပြုလုပ်လျက်ရှိကြောင်း သိရသည်။

အင်တာနက်။

အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဇန်နဝါရီ ၁၅ ရက်အထိ ၄၉၇ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များအီရတ်တွင် စတင်စစ်ဆင်ချိန်မှ ဇန်နဝါရီ ၁၅ ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၉၇ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန ကြေညာချက်အရသိရသည်။ ၄၉၇ ဦးအနက် ၃၄၄ ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး၊ ၁၅၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

ထိုအတောအတွင်း အီရတ်၌ သေဆုံးသော၊ ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေ ၅၅ ဦးရှိကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီတလီ ၁၇ ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန်တို့က တစ်ဦးစီသေဆုံးသည်။

အမေရိကန်သမ္မတဘုရှ်မေလ ၁ ရက်တွင် အီရတ်၌တိုက်ပွဲကြီးများပြီးဆုံးသွားပြီ ဖြစ်ကြောင်း ကြေညာပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၃၅၉ ဦး အီရတ်တွင် သေဆုံးရသည်။ အီရတ်တွင် စစ်ဆင်ရေးများ စတင်ချိန်မှ ယနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် ၂၄၉၀ ဦး ဒဏ်ရာရရှိသည်။

အင်တာနက်။

အီရတ်၌ ဆန္ဒပြကန့်ကွက်မှုများ ပိုမိုပျံ့နှံ့များပြားလာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံ ကွတ်မြို့တွင် ဒေါသဖြစ်နေသော အီရတ်ဆန္ဒပြသမားများက ယူကရိန်းတင့်ကားများ၊ ရဲများနှင့် ဒုတိယမြောက်နေ့အဖြစ် ထိပ်တိုက်ရင်ဆိုင်နေကြောင်းဖြင့် ဝါရှင်တန်ပို့စ် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ဆက်လက်ဆန္ဒပြ

အီရတ်တောင်ပိုင်း မြို့ကြီးခြောက်ခုတွင် ဆန့်ကျင်ရေးဆန္ဒပြမှုမှာ အင်္ဂါနေ့တွင် ငါးရက်မြောက်အဖြစ် ဆက်လက်ဆန္ဒပြခဲ့ကြပြီး၊ အနည်းဆုံးအရပ်သားနှင့် ရဲတပ်ဖွဲ့ဝင် ဒါဇင်ခန့် ဒဏ်ရာရသွားကြောင်း အရာရှိများနှင့် မျက်မြင်တွေ့သူများက ပြောဆိုသည်။

တောင်ပိုင်းအီရတ်ပြည်သူများမှာ ဆက်ဒမ်ဟူစိန်လက်ထက်က အနှိမ်ခံခဲ့ရသည်။ အီရတ်တောင်ပိုင်းကန့်ကွက်ဆန္ဒပြမှုများမှာ အမေရိကန်အရာရှိများနှင့် ထင်ရှားသော ရှီးယားမွတ်စလင်ခေါင်းဆောင် အမ်မာရာလာအလီအစ္စတာနီတို့အကြား ပိုမိုသဘောကွဲမှုနှင့် တိုက်ဆိုင်နေသည်။

ပါဝင်

ကွတ်မြို့ ဆန္ဒပြမှုများတွင် မကြာမီက အလုပ်မှထုတ်ပစ်လိုက်သောတပ်ဖွဲ့ဝင်များနှင့်အချိန် ကြာမြင့်စွာ အလုပ်မရှိသည့် အလုပ်လက်မဲ့များပါဝင်သည်။

အင်တာနက်။

ဇန်နဝါရီ ၁၄ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးအားတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ကျူးကျော်စစ်ကြောင့် အီရတ်နိုင်ငံတွင် အလုပ်အကိုင်ရှားပါး အလုပ်လုပ်နိုင်သူ၏ ၅၀ ရာခိုင်နှုန်း အလုပ်လက်မဲ့ဖြစ်နေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၄

မိုဟာမက်ဂျဝက်သည် ဘာဆရာမြို့ရှိ အီရတ်ရေတပ် အကယ်ဒမီသိပ္ပံတွင် စက်မှုပိုင်းဆိုင်ရာ အင်ဂျင်နီယာများကို သင်ကြားပြသသူ ဆရာတစ်ဦးဖြစ်သည်။

အစောင့်လုပ်ငန်းလုပ်ကိုင်နေရ

ယခုအခါတွင် ၎င်းသည် မှတ်ပုံတင်စာရွက်စာတမ်းများကို စစ်ဆေးခြင်းနှင့် တံခါးဖွင့်ပေးသည့် လုံခြုံရေးအစောင့်တစ်ဦး၏ လုပ်ငန်းကို လုပ်ကိုင်နေရသည်။

ကိုက်ညီသည့်အလုပ်မဟုတ်

မိမိသည် မရေရာသည့် အခြေအနေကို ရောက်နေသည်ဟု ထင်မြင်မိကြောင်း၊ အစောင့်အလုပ်သည် မိမိအရည်အချင်းနှင့် ကိုက်ညီသည့် အလုပ်မဟုတ်ဟု ခံစားမိကြောင်း၊ မိမိအလုပ်မရှိဘဲ ဖြစ်နေသည်မှာ လေးလရှိပြီဖြစ်ကြောင်း၊ သို့ရာတွင် အစောင့်အလုပ်မှ ထွက်လိုက်လျှင် မိမိတွင်စားစရာရှိမည် မဟုတ်ကြောင်း ဂျဝက်က ပြောကြားသည်။

လုံလောက်မှုမရှိသေး

အီရတ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အလုပ်အကိုင်များကို ဖြစ်ပေါ်စေသော်လည်း လုံလောက်မှု မရှိသေးပေ။

ပြောင်းလဲခဲ့

မကျေနပ်မှုများက ပိုမိုမြင့်မားလာပြီး ဘာဆရာ၊ အမ်မရာနှင့် ကွတ်မြို့များတွင် ဖြစ်ပွားသည့် အလုပ်အကိုင် တောင်းဆိုမှုနှင့် ဆက်နွယ်သော ဆန္ဒပြပွဲများသည် မကြာသေးမီရက်များအတွင်းက အကြမ်းဖက်မှုသို့ ပြောင်းလဲခဲ့ရသည်။

သေဆုံး

အမ်မရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြလူအုပ်ကြီးကို ပစ်ခတ်သည့်အတွက် လူခြောက်ဦး သေဆုံးခဲ့ရသည်။

အလုပ်လက်မဲ့

အီရတ်နိုင်ငံ၌ အလုပ်လက်မဲ့နှင့် ပတ်သက်၍ ခိုင်လုံတိကျသည့် စာရင်းဇယားများမရှိပေ။ သို့ရာတွင် အောက်တိုဘာလက ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ အီရတ်နိုင်ငံ၌ အလုပ်လုပ်နိုင်သူ အင်အားစုအနက် ၅၀ ရာခိုင်နှုန်း အလုပ်လက်မဲ့များ ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်နိုင်ငံတွင် မကြာသေးမီက အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုနေရာပြ မြေပုံ။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ သွားရောက်အမှုမထမ်းလို၍ နုတ်ထွက်သည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၆၀ ကျော်ရှိ

ဆိုဖီယာ ဇန်နဝါရီ ၁၄

အီရတ်တွင် လွန်ခဲ့သည့်လက ဘူဂေးရီးယားတပ်ဖွဲ့ဝင်ငါးဦး ဗုံးကွဲသေဆုံးပြီးနောက် အီရတ်ရှိ တပ်များနှင့် အစားထိုးမည့်ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်မှ ဘူဂေးရီးယားတပ်ဖွဲ့ဝင်စုစုပေါင်း ၆၂ ဦး ရာထူးမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း စစ်ဦးစီးအရာရှိချုပ် နီဘိုလာ ကိုလက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

စေလွှတ်ထား

ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖြုတ်ချသည့် အမေရိကန် ဦးဆောင်သည့် စစ်ဆင်ရေးကို ပြတ်ပြတ်သားသား ထောက်ခံသည့် ဘူဂေးရီးယားနိုင်ငံသည် အီရတ်နိုင်ငံ ကာဘာလာမြို့၌ ပိုလန်လက်အောက်တွင် တာဝန်ထမ်းဆောင်ရန် အင်အား ၄၈၀ ပါဝင်သည့် ခြေမြန်တပ်ရင်း တစ်ရင်းကို စေလွှတ်ထားသည်။

ဘူဂေးရီးယားနိုင်ငံက အင်အား ၄၈၀ ရှိ အခြားသော တပ်ဖွဲ့ဖြင့် ဖေဖော်ဝါရီလလယ်တွင် အစားထိုး တာဝန်လွှဲပေးရန် စီစဉ်ထားသည်။ သို့သော် ကာဘာလာ၌ သေဆုံးမှုကြုံတွေ့ရပြီးနောက် တပ်ဖွဲ့ဝင်ဒါဇင်များစွာက ထိုလုပ်ငန်းကိုစွန့်ရန် ဆုံးဖြတ်ထားပြီဟု သိရသည်။

ပိုမိုတင်းမာလာ

ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ဘူဂေးရီးယား တပ်ဖွဲ့ဝင်များအကြား ပိုမိုတင်းမာလာသည့်အတွက် အချို့သော ဘူဂေးရီးယား တပ်ဖွဲ့ဝင်များ၏တာဝန်ကို အပေါင်းပါ တပ်များက လွှဲယူမည်ဖြစ်ကြောင်း နီဘိုလာကိုလက်၏ ပြောကြားချက်ကို နိုင်ငံပိုင် အသံလွှင့်ဌာနက ကိုးကားဖော်ပြသည်။

တပ်ချင်းလဲလှယ်

နီဘိုလာကိုလက်နှင့် သမ္မတ ဂျော်ဂျီပါဗာနော့ဗ်တို့သည် တပ်ချင်းလဲလှယ်ရေး စတင်ရန်အတွက် ဘူဂေးရီးယားအလယ်ပိုင်းရှိ ကာဇန်စစ်အခြေစိုက်စခန်းသို့ ဗုဒ္ဓဟူးနေ့က သွားရောက်သည်။

၆၂ ဦးအထိရှိလာ

တပ်ဖွဲ့ဝင်များ၏ နေ့တွက်ကို တိုးပေးသော်လည်း အီရတ်သို့ သွားရောက်အမှုထမ်းရမည့် စစ်သည် များအနက် ယခုလ စောစောပိုင်းက ရာထူးမှထွက်သည့် တပ်ဖွဲ့ဝင် ၄၀ ဦးရှိခဲ့ပြီး ယခုအခါ ၆၂ ဦးအထိ ရှိလာကြောင်း သိရသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

မလိုအပ်သည့် ပဋိပက္ခအတွင်း ဆွဲသွင်း ပြည်သူများ၏ ယုံကြည်မှုကို ဘုရှ်ဖျက်ဆီးခဲ့

ဝါရှင်တန် ဇန်နဝါရီ ၁၅

အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ်သည် အီရတ်နိုင်ငံကို နိုင်ငံရေးထုတ်ကုန်တစ်ရပ်အဖြစ် သဘောထားပြီး စစ်ပွဲဈေးကွက်သို့တင်ခဲ့ကြောင်း၊ မလိုအပ်သောပဋိပက္ခတစ်ရပ်အတွင်း အတင်းဆွဲသွင်းကာ အမေရိကန်ပြည်သူလူထု၏ ယုံကြည်မှုကို ဖျက်ဆီးခဲ့ကြောင်းဖြင့် ဒီမိုကရက်တစ်ပါတီမှ ဥပဒေပြု အမတ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

သမ္မတဘုရှ်နှင့် ၎င်း၏အကြံပေးပုဂ္ဂိုလ်များသည် ၂၀၀၁ ခုနှစ် စက်တင်ဘာလ တိုက်ခိုက်မှုဖြစ်ရပ်ကို ကြောက်ရွံ့မှုအရင်းခံပြီး ရာစုနှစ်နှစ်စု ကျော်ကာလအတွင်း အမေရိကန်နိုင်ငံခြားရေးမူဝါဒတွင် အဆိုးရွားဆုံးသော အမှားများထဲမှ အမှားတစ်ခု ဖြစ်လာမည့် စစ်ပွဲတစ်ရပ် ပေါ်ပေါက်စေရာတွင် တရားမျှတကြောင်း ပြသသည့်အနေဖြင့် အမှန်တရားကို လိုရာဆွဲအသုံးပြုခဲ့ကြကြောင်း အမေရိကန်အထက် လွှတ်တော် အမတ်အက်ဒွပ် ကနေဒီက ပြောကြားသည်။

အချိန်ကိုက် အသုံးပြု

သမ္မတဘုရှ်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာလ တိုက်ခိုက်မှုအတွက် ပြဿနာတက်နေသည့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးကဏ္ဍအပေါ် ပြည်သူလူထု အာရုံပြောင်းလဲခြင်းဖြင့် ၂၀၀၂ခု ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်အမတ်များ အနိုင်ရပြီး ဒီမိုကရက် အမတ်များ ပြိုကွဲစေရန် အီရတ်ကိစ္စကို အချိန်ကိုက် အသုံးပြုခဲ့ကြောင်း ကနေဒီက ပြောကြားသည်။

ယုတ္တိမတန်

ဘုရှ်အနေဖြင့် ယုတ္တိမတန်သော အကြောင်းပြချက်များဖြင့် အန္တရာယ်ရှိသည့် အီရတ်နိုင်ငံသို့ အမေရိကန် တပ်ဖွဲ့ဝင်များကို စေလွှတ်ခြင်းမပြုသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံရေးလှုံ့ဆော်မှု

အမေရိကန် သမ္မတအိမ်ဖြူက ဖွန်လကုန်တွင် အီရတ်ပြည်သူလူထုအား အာဏာလွှဲပြောင်းပေးရန် ရည်ရွယ်လျက်ရှိနေရာ အမေရိကန်ပြည်ထောင်စုအနေဖြင့် ထိုဆောင်ရွက်ချက်ပြီးက အီရတ်စစ်ပွဲမှ ခေါင်းရှောင်သွားနိုင်ကြောင်း၊ ယုံကြည်စိတ်ချရခြင်းမရှိသည့် အောင်မြင်မှု ဝင့်ကြွားမှုများကိုအခြေခံကာ ဘုရှ်က နိုင်ငံရေးအရ လှုံ့ဆော်မှုပြုလုပ်လာနိုင်ကြောင်းဖြင့် ကနေဒီက ဆက်လက်ပြောကြားသည်။

မရပ်တန့်နိုင်

အီရတ်စစ်ပွဲက အကြမ်းဖက်မှုများကို မရပ်တန့် နိုင်ခဲ့ကြောင်း၊ အီရတ်စစ်ပွဲတွင် ခုခံတွန်းလှန်သူများအား ပြန်လည်စုစည်းပေးသလိုဖြစ်နေကြောင်း ကနေဒီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဇန်နဝါရီ ၁၅ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အီရတ်ပြည်သူများက အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြရာ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တော်၏ အနုပညာကျောင်းရည်မှန်းချက် အီရတ်ကလေးငယ်များ၏ ဘဝဆုံးရှုံးမှု ပြန်ရရန်ဖြစ်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းဒေသရှိ အနုပညာကျောင်း၏ ရည်မှန်းချက်သည် သင်ကြားရန်သို့မဟုတ် သင်ယူရန်မဟုတ်ဘဲ အီရတ်ကလေးငယ်များ၏ ဆုံးရှုံးနေသောကလေးဘဝကိုပြန်လည်ရရှိစေရေးသာဖြစ်သည်။

ယင်းကျောင်းတွင် သင်တန်းမရှိသလို စာမေးပွဲစနစ်လည်းမရှိပေ၊ အီရတ်ကလေးငယ်၁၈၀ ခန့်သည် အခြားကျောင်းများမှ ပုံမှန်သင်ခန်းစာများ လေ့လာသင်ကြားပြီးသည့်နောက် ကလေးငယ်ငါးဦးမှ ၁၈ဦးအထိ ဖော်ပြပါအနုပညာကျောင်းသို့လာရောက်ပြီး တစ်နေ့လျှင် နာရီအနည်းငယ်ခန့် လာရောက်လေ့လာကြသည်။ ဆရာများက ၎င်းကလေးငယ်များ အီရတ်စစ်ပွဲဖြစ်ပွားစဉ်က ခံစားရဖွယ်ရှိခဲ့သည့် စိတ်ဝေဒနာများအား ပန်းချီ၊ ဂီတနှင့်ပြဇာတ်များ လေ့လာစေရာတွင် ကူညီညွှန်ပြခြင်းဖြင့် လမ်းဖွင့်ပေးလျက်ရှိသည်။

ဂီတနှင့် ပန်းချီပညာများက ကလေးငယ်များ၏ လက်တွေ့ဘဝကို မေ့မေ့လျော့လျော့ဖြစ်စေရန် ကူညီပံ့ပိုးလျက်ရှိကြောင်း ဝန်ထမ်းတစ်ဦးဖြစ်သူ အိုင်ယက်ဟာဒီက ပြောကြားသည်။

ကလေးငယ်များ အနုပညာကျောင်းရောက်လာပြီး တီးမှုတ်ကြ၊ပန်းချီရေးကြဖြင့် စိတ်ပိုင်းဆိုင်ရာအရ ပျော်ရွှင်လာစေကြောင်း ၎င်းကပြောကြားသည်။

အီရတ်ရှိအစိုးရအဖွဲ့မဟုတ်သည့် ကလေးငယ်များ၏ အသံဟုခေါ်ကြသော အဖွဲ့အစည်းက အောက်တိုဘာလအတွင်း ယင်းအနုပညာကျောင်းကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

ယင်းကျောင်းသို့ ကလေးငယ်များ ပထမအကြိမ်ရောက်လာစဉ်က ၎င်းတို့၏ မျက်နှာများမှာ ညှိုးနွမ်းနေကြကြောင်းဖြင့် ဆရာများက ပြောကြားသည်။

ကလေးငယ်များက တင့်ကားများ၊လေယာဉ်များနှင့် သေနတ်များ၏ ရုပ်ပုံကို ရေးလေ့ရှိကြပြီး မိမိတို့က ဖျက်ပစ်ကြရကြောင်းဖြင့် ဟူစနီမိုဟာမက်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီရတ်မှတွေ့သည့် အမြောက်ဆန်များ၌ ဓာတုအဆိပ်လက်နက် မတွေ့ဟု ပြောဆို

ဒေါ်စခန်း ဇန်နဝါရီ ၁၄

အီရတ်နိုင်ငံမှ တွေ့သည့် အမြောက်ဆန်များတွင် ဓာတုအဆိပ်များ လိမ်းကျံ နေသည်ဟု ယူဆခဲ့သော်လည် အမေရိကန်တို့ စမ်းသပ်ကြည့်သောအခါ ထိုသို့မတွေ့ရကြောင်းဖြင့် ဒိန်းမတ်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ယူဆ

ဒိန်းမတ် တပ်ဖွဲ့ဝင်များက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် တွေ့ရှိသော အမြောက်ဆန် ၃၆ ခုမှာ အီရန်-အီရတ်စစ်ဖြစ်သည့် ၁၉၈၀-၈၈ ခုနှစ်များက ကြွင်းကျန်ခဲ့သည့် ကျည်များဟု ယူဆရသည်။

မတွေ့ရ

ဗြိတိန်နှင့် ဒိန်းမတ် ကျွမ်းကျင်သူများ က ပဏာမအနေဖြင့် လေးကြိမ် စမ်းသပ်သည့် စမ်းသပ်မှုများတွင် ဓာတုအဆိပ်များရှိသည် ဆိုသော်လည်း နောက်ပိုင်း အီရတ် လက်နက်ခဲယမ်းများကို လေ့လာရသည့် အဖွဲ့မှ ကျွမ်းကျင်သူများ စစ် ဆေးသော အခါ၌မူ ဓာတုလက်နက် အရိပ်အမြွက်မျှပင် မတွေ့ရဟု ဒိန်းမတ် စစ်ဘက်က ကြေညာသည်။

သို့သော် စမ်းသပ်စစ်ဆေးမှုများ ထပ်မံပြုလုပ်ရန် လိုအပ်ကြောင်း၊ ရလဒ်များများကို အိုင်ဒါဟိုအမျိုးသား အင်ဂျင်နီယာနှင့် ပတ်ဝန်းကျင်ဓာတ်ခွဲခန်းသို့ ပို့ရမည်ဖြစ်ကြောင်း စစ်ဘက်က ကြေညာသည်။

အင်တာနက်။

တိုင်းရင်းဆေးစွမ်းထက်မြက်ရေး သုတေသနပြု ဖော်ထုတ်ပေး

ဟိန်းထွဋ်

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေးအတွက် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကြိုးပမ်းမှုများကို အရှိန်အဟုန်မြှင့်သည့်အနေဖြင့် အမျိုးသားအဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပလျက်ရှိရာ ၂၀၀၃ ခုနှစ်အထိ လေးကြိမ်တိုင် ကျင်းပနိုင်ခဲ့ပါသည်။

အမျိုးသား ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ဖွံ့ဖြိုးရေး၊ အကောင်အထည်ဖော်ဆောင်ရေး၊ မြန်မာ့တိုင်းရင်းဆေးအစွမ်းထက်မြက်ရေး ဂုဏ်သတ္တိကို ခေတ်မီသိပ္ပံနည်းပညာရပ်ဖြင့် သုတေသနပြု ဖော်ထုတ်ပြသရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ အစွမ်းထက်မြက် အသုံးဝင်မှုကို ကြိုးပမ်းရှာဖွေ၍ ဆေးကုထုံးနည်းသစ်များကို ဖော်ထုတ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ညီလာခံကို ကျင်းပနိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကို ရယူပေးနိုင်ခဲ့သည်။

စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာ ပေးပို့ခဲ့သည်။ ယင်းသဝဏ်လွှာတွင်–

နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးချီးမြှောက်လျက်ရှိသည်နှင့်အညီ မြန်မာ့တိုင်းရင်းဆေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီး တိုင်းရင်းဆေးပညာသင်ကြားမှု နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ တိုင်းရင်းသားပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာများအပေါ် ယုံကြည်အားထားမှု ပိုမိုတိုးပွားနိုင်မာလာခြင်း၊ ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်သည့် တိုင်းရင်းဆေးများ တွင်ကျယ်စွာ ပေါ်ထွန်းလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးဆိုင်ရာ သုတေသနလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းစသည့် အကျိုးရလဒ်ကောင်းများစွာဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်ပါသည်။ ဟူ၍ ဖော်ပြထားပါသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ညီလာခံအဖွင့်မိန့်ခွန်းပြောကြားရာတွင်–

နိုင်ငံတကာတွင် ကုသ၍ခက်ခဲနေသော ကမ္ဘာ့လူသားများကို အန္တရာယ်ပြုနေသော သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါများကို နှိမ်နင်းသော မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျ သုတေသနပြု ဖော်ထုတ်ကြရန် အချိန်သင့်ပြီဟုလည်း ပြောကြားလိုကြောင်း တိုက်တွန်းခဲ့ပါသည်။

နယ်စပ်ဒေသဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နှင့် နမ့်ခမ်းပတ်ဝန်းကျင်သည် လွန်ခဲ့သည့် နှစ် ၂၀ ခန့်က ယနေ့အချိန်ကာလကဲ့သို့ အေးချမ်းသည့်ဒေသ မဟုတ်ခဲ့ပါ။ ထိုအချိန်က မူဆယ်အဝင် ၁၀၃ မိုင်တိုင် တစ်ဝိုက်တွင် လုံခြုံရေးတာဝန်ဖြင့် ကျေးရွာများ၊ တပ်စခန်းများတွင် ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ရပါသည်။

ထိုအချိန်က ကျွန်တော်သည် ၁၀၃ မိုင်တိုင်တစ်ဝိုက်တွင် လုံခြုံရေးတာဝန်ယူလျက်ရှိရာ အဝင်ဂိတ်၊ အထွက်ဂိတ်များထားရှိစစ်ဆေးခဲ့ရပါသည်။ အထူးသဖြင့် ကြုံကုတ်ဘက်သို့လှည်းများဖြင့် ကုန်ပစ္စည်းသယ်သည့်အဖွဲ့များကို စစ်ဆေးရာ ထူးခြားသည့် ပစ္စည်းနှစ်မျိုးကို မကြာခဏတွေ့ရပါသည်။ အဆိုပါ ထူးခြားသည့် ပစ္စည်းနှစ်မျိုးမှာ ဆီးသီးအဆန်နှင့် ကြက်မြစ်အတွင်းသား အခြောက်များပင်ဖြစ်သည်။ ပစ္စည်းသယ်ယူသည့် ကုန်သည်များအား မေးမြန်းကြည့်ရာ ကြက်တို့မည်သည် အစာကြေချက်အားကောင်းသည့်အတွက် အစာကြေဆေး ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ကြောင်း ခန့်မှန်းပြောဆိုနိုင်သော်လည်း ဆီးဆန်စေ့ အသုံးဝင်နိုင်မှုကိုမူ အသေအချာ မပြောပြနိုင်ပါ။

နောက်ပိုင်းတွင် စာပေဖတ်ရှုရင်း ဆီးသီးဆန်နှင့်ပတ်သက်၍ ယောမြို့စား အတွင်းဝန် ဦးဘိုးလှိုင်ရေးသားပြုစုသည့် "ဥတုဘောဇနသင်္ဂဟကျမ်း"တွင် ဆီးသီးဆန်သည် ရေငတ်ခြင်း၊ အော့အန်ခြင်း၊ သည်းခြေနာတို့ကို နိုင်၏ဟု လေ့လာသိရှိရပါသည်။

အရှင်နာဂသိန် ပုံပြဆေးအဘိဓာန်တွင်–

ဆီးသီး၏ဂုဏ်နှင့် စွမ်းရည်မှာ သည်းခြေ၊ သလိပ်ကိုပွားစေ၏။ အမှည့်သည် ပြေပြစ်၏။ ဆီးဝမ်းကို ရှင်စေ၏။ အမှည့်ခြောက်သည် သလိပ်လေကို ပယ်တတ်၏။ သည်းခြေကို မပွားစေတတ်။ ဝမ်းမီးကို တောက်စေ၏။ ကြေညက်လွယ်၏။ အမှည့်သည် လေသည်းခြေကိုလည်းကောင်း၊ အခြောက်သည် သလိပ် လေကိုလည်းကောင်း နိုင်၏ ဟု ပါရှိပါသည်။

ထို့ပြင် ဆီးသီးအစေ့အတွင်းရှိ အဆန်ကို အမှုန့်ပြု၍ စားလျှင် သည်းခြေဖောက်ပြန်သောရောဂါမှ ပျောက်ကင်း၏။ အဖျားပြင်းထန်၍ ရေငတ်ခြင်း၊ ကလေးများ ရေငတ်ဝမ်းကျဖြစ်ခြင်းတို့၌ ဆီးသီးအစေ့တွင်းရှိအဆန်ကို အမှုန့်ပြု၍ နွယ်ချိုဖြင့်ရောပြီး ပါးစပ်၌ထည့်ပေးလျှင် ၎င်းရောဂါတို့မှ ပျောက်ကင်း၏ဟု ပါရှိပါသည်။

၂၀၀၃ ခုနှစ် မတ်လ၌ မန္တလေးတွင် ကျင်းပမည့် ၂၀၀၃–စက်မှုပြပွဲအား ဂုဏ်ပြုသောအားဖြင့် အကြိုဟောပြောပွဲများ ရန်ကုန်အပါအဝင် စက်မှုဇုန်များရှိရာ မြို့နယ်အသီးသီးတွင် ပြုလုပ်ခဲ့စဉ်က ရေနံချောင်း၊ ပခုက္ကူ စက်မှုဇုန် စက်မှုလုပ်ငန်းရှင်နှင့် စိတ်ပါဝင်စားသူအချို့က ဆီးသီးဆန်နှင့်ပတ်သက်၍ ဆွေးနွေးကြပါသည်။ ဆီးသီးအဆန်များကို မည်သည့်ကုန်ချောပစ္စည်းအမျိုးအစား ထုတ်လုပ်သည်ကို မသိရသော်လည်း အချို့သော ကျေးလက်ဒေသတို့တွင် ခေါင်းမူး၊ ခေါင်းနောက်ဖြစ်နေပါက ဆီးဆန်စေ့ လေးငါးစေ့ခန့် စားလိုက်လျှင် ရောဂါသက်သာကြောင်း ပြောဆိုဆွေးနွေးရာမှ သိရှိရပါသည်။

မြန်မာ့ဆေးဖက်ဝင် ပရဆေးပင်များကို ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုလျက် စနစ်တကျ သုတေသနပြုပြီး စံချိန်စံညွှန်းများ ဖော်ထုတ်မှတ်တမ်းတင် ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်မား အစွမ်းထက်သော တိုင်းရင်းဆေးများ ဖော်ထုတ်၍ တိုင်းရင်းဆေးဝါး ကုန်ကြမ်းမှ တန်ဖိုးမြှင့်(Added Value) ကုန်ချောအထိ ထုတ်လုပ်နိုင်ပါမည်။

သိပ္ပံနည်းကျ လေ့လာသုတေသနပြုလျက်ရှိသူတစ်ဦး၏ ဘာသာရပ်ဆိုင်ရာ စာပေလေ့လာဖတ်ရှု သုတေသနပြုချက်(Literature Survey)အရ ဆီးဆန်စေ့တွင် လူသားတို့အတွက် အင်အားကိုဖြစ်စေသော ဒြပ်ပေါင်းများဖြစ်သည့် ပရိုတင်း ၄၉ ဒသမ ၃၇၁ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒြိတ် ၁၁ ဒသမ ၂၃ ရာခိုင်နှုန်းပါဝင်ပြီး စတီးရိုက်နှင့် အေမိုင်နိုအက်ဆစ်(Amino Acid)များလည်း ပါဝင်သဖြင့် ခွန်အားတိုးဆေးများတွင် ထည့်သွင်းအသုံးပြုကြောင်း သိရသည်။

ဆီးဆန်စေ့တွင် ဖလေဗိုနွိုက်(Flavonoid)ဒြပ်ပေါင်းများပါဝင်၍ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သွေးငြိမ်ဆေးများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ အာရုံကြောအားနည်းခြင်း၊ အိပ်မပျော်ခြင်း၊ စိုးရိမ်ပူပန်မှုလွန်ကဲခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ စိတ်ဓာတ်ကျခြင်း စသည့် ရောဂါများကုသရာတွင် အသုံးပြုကြပါသည်။

ကာဗိုဟိုက်ဒြိတ်နှင့် အခြား ကာဗိုဟိုက်ဒြိတ် မဟုတ်သော အဖွဲ့အစည်းများ ပေါင်းစပ်လျှင် ၎င်းကို ဂလိုင်ကိုဆိုဒ်(Glycosides)ဟု ခေါ်ပါသည်။ ဆီးဆန်စေ့တွင် ဂလိုင်ကိုဆိုဒ်များ၊ အစွမ်းထက် ဓာတ်ပေါင်းဖြစ်လေ့ရှိသည့် အယ်ကလွိုက် (Alkaloid)များပါဝင်၍ သည်းခြေနှင့် ဆိုင်သောရောဂါများ၊ အစာအိမ်နှင့်ဆိုင်သော ရောဂါများအတွက် အသုံးပြုကြောင်း သိရပါသည်။

ထို့ပြင် ဆီးဆန်စေ့တွင် တာပင်နွိုက် (Terpenoid) ဒြပ်ပေါင်းပါဝင်၍ Triterpene, Pentacyclic အုပ်စုမှ Lupeol အစုဝင် Betulic Acid ပါဝင်ကြောင်း၊ ယင်း Betulic Acid (သို့မဟုတ်) Betulinic Acid သည် ခုခံအားကျဆင်းမှုရောဂါ (AIDS) ဖြစ်ပွားစေသည့် အိပ်ချ်အိုင်ဗွီ (HIV) ရောဂါပိုးကို ခုခံကာကွယ်နိုင်ခြင်း၊ အဖုအကြိတ် ရောင်ရမ်းခြင်းများကို တားဆီးနိုင်ခြင်း၊ ကင်ဆာဆဲလ်များကို တားဆီးပိတ်ပင်နိုင်ခြင်း အစွမ်းသတ္တိများပေးကြောင်း သိရပါသည်။ သုတေသနပြုသူ၏ ပြောပြချက်တွင် ဓာတုဗေဒနှင့် ပတ်သက်၍ ပညာပိုင်းဆိုင်ရာ အသုံးအနှုန်းများ ပါသော်လည်း ဆီးဆန်စေ့သည် အားတိုးဆေး၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ သည်းခြေနှင့် အစာအိမ်နှင့် ပတ်သက်သည့် ဆေးများအပြင် (HIV) နှင့် ကင်ဆာ ကာကွယ်ဆေးများတွင် အသုံးပြုနိုင်သည်ဟု ဆိုရပါမည်။

သို့ဖြစ်ရာ ဆီးဆန်စေ့အား အားဆေးအနေဖြင့်လည်းကောင်း၊ အိပ်ဆေး၊ စိတ်ငြိမ်ဆေး၊ အစာအိမ်နှင့်ဆိုင်သောရောဂါများ၊ HIV ရောဂါ၊ ကင်ဆာရောဂါတို့အား ကာကွယ်ကုသပေးနိုင်သော အစွမ်းထက်သည့် ဆေးဝါးများ ရရှိအောင် ခေတ်မီစက်များဖြင့် သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

ခေတ်မီပစ္စည်းကိရိယာများအသုံးပြုလျက် စနစ်တကျ သုတေသနပြုပြီး စံချိန်စံညွှန်းများ မှတ်တမ်းတင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာတွင် ကုသ၍ခက်ခဲနေသော ကမ္ဘာ့လူသားများကို အန္တရာယ်ပြုနေသည့် သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ကင်ဆာရောဂါ စသည့်ရောဂါများကို နှိမ်နင်းနိုင်သော မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျ ဖော်ထုတ်နိုင်ပြီး မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာ အဆင့်ရောက်အောင် ထိန်းသိမ်းမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အစွမ်းထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးပင်များ၏ အစွမ်းသတ္တိများကို ခေတ်မီနည်းပညာများဖြင့် သုတေသနပြု ဖော်ထုတ်လျက်ရှိရာ ဆီးသီးစေ့အပါအဝင် ထူးခြားသည့် မြန်မာ့ဆေးဘက်ဝင် ပရဆေးပင်များအကြောင်းကို စုပေါင်း သုတေသနပြုသွားနိုင်မည်ဆိုပါက မြန်မာ့တိုင်းရင်းဆေး လောကအတွက် အကျိုးထူးမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မူကြိုကွန်ပျူတာ သင်တန်းများဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၆

ဒေါ်ညိုညိုစိမ့် B.E(Mech;) စီစဉ်သော Jewel Crown တွင် Pre-Kinder Garten (age 2â to 5year ထိ)အတွက် (Myanmar, English, Maths, Colouring, Computer CD Rom) များကို အတွေ့အကြုံရှိ ဘွဲ့ရ ဆရာမများက စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများအဖြစ် အင်္ဂလိပ်စာ ထူးချွန်စေရန် (ကွန်ပျူတာအသုံးချမှုဆိုင်ရာ အခြေခံသင်တန်း) မှစ၍ သင်တန်းများကို သင်ကြားဖွင့်လှစ်မည်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ ဘွဲ့ရ၊ ဘွဲ့ကြိုများအတွက် English Language (4skills) ကို လစဉ် လဆန်းပိုင်းမှ စတင်၍ သင်တန်းသစ်များ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် အမှတ်(၁၄) စွန်းလွန်းဂူကျောင်းလမ်း (လမ်းသွယ်–၂) ဘောက်ထော် ရန်ကင်းမြို့နယ် ဖုန်း – ၀၁–၅၅၈၈၉၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်း

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၄၆၈) ဒုထပ်တွင် ဖွင့်လှစ်ထားသော Shalom Computer & Language Centre တွင် ကွန်ပျူတာအခြေခံအဆင့်မြင့် စာစီစာရိုက်နှင့် ဒီဇိုင်း(D.T.P)၊ ကွန်ပျူတာဖြင့် စာရင်းကိုင်နည်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို ဇန်နဝါရီ ၂၀ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားမည်။

ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချလိုသူများနှင့် တတ်မြောက်ထားလိုသူများအား သင်ထောက်ကူပစ္စည်းများ အပြည့်အဝ အသုံးပြု၍ အထူးလေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်သည်။ ကွန်ပျူတာဖြင့် တေးဂီတဖန်တီးမှု အနုပညာသင်တန်း အပတ်စဉ်(၄)ကို ဇန်နဝါရီ ၁၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းချိန်မှာ စနေနေ့နှင့် တနင်္ဂနွေနေ့ ညနေ ၃ နာရီမှ ၅ နာရီထိ ဖြစ်သည်။ သင်တန်းကာလမှာ လေးလဖြစ်ပြီး ၎င်းသင်တန်းသည် ဂီတအခြေခံရှိသူများအတွက်သာ ပိုမိုသင့်လျော်ပါသည်။ တက်ရောက်လိုသူများ ဖုန်း–၂၁၂၂၀၈ သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

ဗွီစီဒီသရုပ်ဆောင်ပညာ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

နတ်သမီး အနုပညာလုပ်ငန်းစုမှ ကြီးကြပ်စီစဉ်သော ဗွီစီဒီသရုပ်ဆောင်ပညာသင်တန်းကို ဇန်နဝါရီ ၂၀ ရက်၌ စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။

စီစဉ်ထား

အဆိုပါ သင်တန်းကို နိုင်ငံကျော် အနုပညာရှင်များက အလှည့်ကျ သင်ကြားပေးကြမည်ဖြစ်ပြီး စာတွေ့လက်တွေ့ သင်ခန်းစာများဖြင့် ထိရောက်စွာ ပို့ချပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သီချင်းဗွီစီဒီ တစ်ခု၌ ပါဝင်သရုပ်ဆောင်နိုင်ရန် စီစဉ်ထားသည်။

အဆက်အသွယ်ရရှိမည်

ထို့ပြင် နတ်သမီး အနုပညာလုပ်ငန်းစု၏ ရုပ်မြင်စာအုပ်အစီစဉ်နှင့်အနုပညာအေဂျင်စီတို့တွင် ပါဝင်နိုင်ပြီး အနုပညာလောကမှ အဆက်အသွယ်ပေါင်းများစွာ ရရှိမည်ဖြစ်သည်။

စုံစမ်းတက်ရောက်နိုင်

သင်တန်းတစ်ခုလျှင် သင်တန်းသားဦးရေ ၁၅ ယောက်သာ ကန့်သတ်လက်ခံမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နတ်သမီး အနုပညာလုပ်ငန်းစု၏ အခြားသော သင်တန်းများဖြစ်သည့် ဇာတ်ညွှန်းရေးနည်း သင်တန်း၊ ခေတ်ပေါ် အကသင်တန်း၊ ကာတွန်းသင်တန်း၊ စာနယ်ဇင်းသင်တန်း၊ အဆိုသင်တန်း၊ တစ်တာတီးသင်တန်း၊ ပန်းချီသင်တန်းနှင့် ဆက်ဆံပေါင်းသင်းခေါင်းဆောင်ခြင်း သင်တန်းများလည်း ဖွင့်လှစ်တော့မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အမှတ်(၂၉၁) လမ်း(၄၀) အထက်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၂၈၁၁၇၈၊ ၃၈၁၉၃၅၊ ၇၂၅၅၁၀ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)



လူနှင့်ဘာသာတရား စာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၆

ဗုဒ္ဓဘာသာနှင့် အခြားဘာသာကြီးများအကြောင်း နှိုင်းယှဉ်လေ့လာဖော်ပြထားသည့် ပန်းဒကာ ကိုတင်မြင့် ရေးသားသော **လူနှင့် ဘာသာတရား ဘာသာတရားနှင့် လူ** စာအုပ်ကို ပါရမီစာပေ၊ အမှတ်(၂၃၀) (၂၉)လမ်း ရန်ကုန် ဖုန်း–၂၅၃၂၄၆ က တန်ဖိုးကျပ် ၆၀၀ ဖြင့် ထုတ်ဝေထားသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇–၁–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတတရားတော် ဘဒ္ဒေကရတ္တသုတ်**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀	၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၄၅	၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** (က) ပထမနှစ် (စိတ်ပညာ) (ခ) ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၅	၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ညီအစ်မလေးဖော် (အပိုင်း–၁၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **English Premier League ဘောလုံးပွဲ Tottenham Hotspur & Liverpool**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ် (၄၅)နှစ်ပြည့်ပူဇော်ပွဲ၊ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နန္ဒဝန်လမ်းရှိ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ် (၄၅)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၁၈ ရက်တွင် ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက၊ ၁၉ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၂၀ ရက်တွင် သာကေတပါဠိကာရီဆရာတော် ဘဒ္ဒန္တအင်္ဂိသ၊ ၂၁ ရက်တွင် သဲကုန်းဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိသရတို့က တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကျောက်မျက်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခဲ့၍ ဝင်ငွေတိုးတက်ရရှိ ရွှေ၊ ငွေ၊ ပုလဲနှင့် အခြားသတ္တု တူးဖော်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိရေး ကြိုးပမ်း

ဆွေးနွေးမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်က ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေရရှိမှု အခြေအနေ၊ ၂၀၀၃ခုနှစ် နှစ်လယ်ကျောက်မျက်ပြပွဲ ဝင်ငွေရရှိမှုအခြေအနေ၊ နိုင်ငံတော်နှင့် အကျိုးတူ ကျောက်မျက်တူးဖော်မှုလုပ်ငန်းအခြေအနေအပါအဝင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမြင့်သိန်းက ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီ၏ အရေးယူဆောင်ရွက်မှု အခြေအနေများနှင့် ကျောက်မျက်ရတနာ နယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၏ အခြေအနေ၊ နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်း အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ကျောက်မျက်ရတနာများကို တိုးချဲ့ရှာဖွေပြီး

မြန်မာ့ကျောက်မျက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ခဲ့သဖြင့် သတ္တုကဏ္ဍမှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလျက်ရှိကြောင်း၊ ကျောက်မျက်လုပ်ငန်းများအပြင် ရွှေ၊ငွေ၊ပုလဲနှင့် အခြားသတ္တုတူးဖော်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှု ပညာသင်ဆုပေးရေး မြန်မာ-ဂျပန်စာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto တို့သည် ယနေ့ နံနက် ၉နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်း၌ စာချွန်လွှာနှစ်ရပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါ စာချွန်လွှာများအရ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက် ယန်း ၄၆သန်းနှင့် ယန်း ၁၁၃သန်းတို့ကို ဂျပန်နိုင်ငံ အစိုးရက အကူအညီပေးမည်ဖြစ်သည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

စာချွန်လွှာ လက်မှတ်ရေးထိုး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Yuji Miyamoto **တို့ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်အတွက် စာချွန်လွှာများ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

မြန်မာ့ဆန်စပါး ရောင်းဝယ်ရေး သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ဆန်စပါးရောင်းဝယ်ရေး သင်တန်း Myanmar Rice Marketing Course (Program-1) အပတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် မွန်းလွဲ၁နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဦးခင်မောင်ရီက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီသုံးစွဲမှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ မီးသတ်စခန်းများသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်ယာဉ်များစက်သုံးဆီသုံးစွဲမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးနှင့် စခန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ရှိရေး၊ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်စက်ယာဉ်များ စက်သုံးဆီသုံးစွဲမှုများအား စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ **ရေနံနှင့်သဘာဝဓာတ်ငွေ့မှ**

ယခုရွှေအစမ်းတွင်းမှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်ကြောင်းနှင့် အဆိုပါလုပ်ကွက်တွင် အလားအလာကောင်းသည့် ဘူမိအနေအထားများဖြစ်ကြသော ရွှေဖြူနှင့် ငွေ စသည်တို့လည်းရှိကြောင်း၊ ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရှာဖွေတွေ့ရှိမှုကြောင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် အခြားလုပ်ကွက်များကို လုပ်ကိုင်နိုင်ခွင့်ပြုပါရန်နှင့် ရခိုင်ကမ်းလွန်ဒေသရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်း အောင်မြင်မှုကို လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌ Mr. Lee Tae-Yong နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❒ ကချင်ပြည်နယ်မှ

တွေ့ဆုံပွဲတွင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏ အကျယ်အဝန်း၊ အသားတင်စိုက်ပျိုး မြေဧက၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှုများနှင့် စပါးအထွက်နှုန်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံ၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးဖြစ်ထွန်းမှုများ၊ ရော်ဘာ၊ ပိုးစာ၊ လက်ဖက်၊ ငရုတ်ကောင်း၊ သစ်ဆိမ့် စသည့် နှစ်ရှည်ပင်စိုက်ပျိုးဖြစ်ထွန်းမှုများ၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရေရရှိရေးစီမံကိန်းများ၊ ကြက်၊ ငါး၊ နွား၊ ကျွဲမွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်း အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကား ပြောကြားရာ၌ တင်ပြချက်များအရရော၊ မိမိတို့တွေ့မြင်ချက်များအရပါ ကချင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ဌာနအလိုက် လုပ်ကိုင်ဆောင်ရွက်ကြသော ဝန်ထမ်းများအနေဖြင့် တိုင်းကျိုးပြည်ကျိုး သယ်ပိုးနေသူများအဖြစ် ဂုဏ်ယူနိုင်သကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒေသကြီးဖွံ့ဖြိုးလာသည့်အခြေအနေများ၊ ဒေသအေးချမ်းတည်ငြိမ်မှုကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖောက်ချဆောင်ရွက်နိုင်မှုများအပေါ် ပီတိစိတ်ဖြင့် တွေးယူခံစားနိုင်ကြမှာဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံသည် အတူတကွယှဉ်တွဲ နေထိုင်လျက်ရှိကြကြောင်း၊ မိမိတို့၏ ပြည်နယ်၊ တိုင်းများသည် ပြည်ထောင်စုကြီးအတွင်းပြည်ထောင်စုလေးများသဖွယ် ရှေးပဝေသဏီကပင် တိုင်းရင်းသား လူမျိုးပေါင်းစုံသည် ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံနေထိုင်လာခဲ့ကြရာ ပြည်ထောင်စုစိတ်ဓာတ် အခြေခံရှိပြီးဖြစ်ကြောင်း။

အလားအလာကောင်းများရှိ

ကချင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများရှိသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးမြေအပါအဝင် ရေမြေသယံဇာတအခြေခံများကြောင့် အနာဂတ်အတွက် အခြေအနေကောင်းများ ဖန်တီးနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများစွာရှိနေကြောင်း။

ကချင်ပြည်နယ်သည် ယခင်က စားနပ်ရိက္ခာဆန်စပါး ဖူလုံခြင်းမရှိသည့် ပြည်နယ်ဖြစ်သော်လည်း ဆန်စပါးတိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ယခုအခါ စားနပ်ရိက္ခာ ဖူလုံစပြုနေပြီး ထိုမှတစ်ဆင့် ပိုမိုပိုလျှံလာအောင် ဆက်လက်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်း ပေးလျက်ရှိကြောင်း၊ စိုက်ပျိုး မြေဧက ခြောက်သန်းခွဲကျော် တိုးတက်ခဲ့ရာ တစ်နိုင်ငံလုံးတွင် ယခုအခါ အသားတင်စိုက်ဧက ၂၆ ဒသမ ၈သန်းအထိ ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် နိုင်ငံတော်လူဦးရေအတွက်ပါ စားနပ်ရိက္ခာအတွက် ပူပန်ကြောင့်ကြရမှု မရှိအောင် အခြေခံကောင်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

လယ်ယာကဏ္ဍတွင်စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊လယ်ယာလုပ်ကွက်ငယ်များတွင် လက်တွန်းထွန်စက်များ အသုံးပြု၍ စိုက်ပျိုးခြင်း၊ လယ်ယာလုပ်ကွက်ကြီးများတွင် ထွန်စက်ကြီးများ အသုံးပြု၍ စိုက်ပျိုးခြင်း၊ စပါးကို တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ရိတ်စက်နှင့် ခြွေလှေ့စက်အသုံးပြုခြင်းတို့ကို တွင်ကျယ်အောင် ဆောင်ရွက်သွားကြရန်နှင့် ရိတ်သိမ်းခြွေလှေ့စက်ကို သုံးစွဲသောအဆင့်သို့ ကူးပြောင်းရန် လိုအပ်လျက်ရှိကြောင်း။

တိုးချဲ့ထုတ်လုပ်

လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကပိုင်းကလည်း ကြိုးကြိုးစားစား ထုတ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်အောင် တိုးချဲ့ထုတ်လုပ်သွားကြရန် လိုအပ်ကြောင်း။

ကချင်ပြည်နယ်၌ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံများအား လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး လုပ်ငန်းကိုလည်း ဆက်လက်တွန်းအားပေး ကူညီပံ့ပိုးသွားရန် လိုကြောင်း၊ လယ်ယာလုပ်ကွက်ကြီးများ ဖော်ထုတ်နိုင်သည့် ဒေသဖြစ်၍ လုပ်ကိုင်နိုင်စွမ်းရှိသလောက် မိမိအတွက်နှင့် ဒေသအတွက်သာမက နိုင်ငံတော် အတွက်လည်း အကျိုးဖြစ်ထွန်းမှာ ဖြစ်ကြောင်း။

နှစ်ရှည်ပင် စိုက်ပျိုးဖြစ်ထွန်းရေးကိုလည်း စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မူဝါဒသစ်ခွင့်ပြုခဲ့

ဆန်စပါးလွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုသည့် မူဝါဒသစ်ကို ၂၀၀၃ခုနှစ်တွင် ခွင့်ပြုခဲ့ပြီးဖြစ်ရာ ဆန်စပါးကို နိုင်ငံအတွင်းလွတ်လပ်စွာသယ်ဆောင်ရောင်းဝယ်နိုင်ပြီ ဖြစ်သည့်အတွက် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း။

စက်မှုနိုင်ငံဖြစ်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ချမ်းသာမှာဖြစ်သည့်အားလျော်စွာ ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်၌ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀ ကျော် ထုတ်လုပ်နိုင်မည့် မလိရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်နေပြီး လျှပ်စစ်ဓာတ်အား ၂၄ မဂ္ဂါဝပ် ထုတ်လုပ်မည့် ဒဘတ်ချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုသွားမည်ဖြစ်၍ စက်မှုအခြေခံမြှင့်တင်ရေးကိုလည်းကြိုးစားအားထုတ်ကြစေလိုကြောင်း။

လမ်းပန်းဆက်သွယ်မှု

ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဗန်းမော်မြို့ အစိုးရကွန်ပျူတာကောလိပ်တွင်ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုနှင့် ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

ဂါရဝပြု တွေ့ဆုံနှုတ်ဆက်

ဇန်နဝါရီ ၁၆ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှား H.E.Mr.Viren J. Shahနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက် ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်း-ရွှေဖုံး)(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဗန်းမော်လေဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အတွက်လည်း နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း အဓိကလမ်းကြီး ကိုးလမ်းကိုလည်းကောင်း၊ မြို့ရွာချင်းဆက်သည့် ၄၅လမ်းကိုလည်းကောင်း ဖောက်လုပ်ပြီးဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံရော၊ အဆင့်မြင့်ကဏ္ဍပါ မြင့်မားတိုးတက်လာအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ကျောင်းနေအရွယ် ကလေးငယ်တိုင်းရာခိုင်နှုန်းပြည့် ကျောင်းနေနိုင်ရေး၊ မူလတန်း၊ အလယ်တန်းမှ တစ်ဆင့် အခြေခံပညာတန်းကုန်အောင် သင်ယူနိုင်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

ဆက်လက်တိုးတက်ရေး

အောင်မြင်တိုးတက်နေသောဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအရှိန်အဟုန်မပျက် ဆက်လက်တိုးတက်နေအောင် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးက သိက္ခာ၊သမာဓိ၊ စေတနာ၊လုပ်ငန်းကျွမ်းကျင်မှုတို့ဖြင့် ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ထမ်းများအား ဒေသအကျိုးသယ်ပိုးရွက်ဆောင်နေသူများ၊ကျေးဇူးတင်ထိုက်သူများဖြစ်သည်ဟု ဒေသခံပြည်သူများက လက်ခံသတ်မှတ်လာအောင် ကျင့်ကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးတို့ကို အခြေချ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံတို့ကိုလည်း အတော်လုံလုံလောက်လောက် အကောင်အထည်ဖော်ထားပြီးဖြစ်ကြောင်း၊ ယင်းအရှိန်အဟုန်များကို ဆက်လက်တိုးတက်ခိုင်မာအောင်လည်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် ပြည့်စုံ ပြီးမြောက်ချိန်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားများ ပညာတတ်မြောက်မှု လုံလုံလောက်လောက် ဖြစ်နေစေရန်၊ စီးပွားဥစ္စာတောင့်တင်းပြည့်စုံနေစေရန်လိုအပ်ကြောင်း။

ထို့ကြောင့် ရရှိထားသည့်အတွေ့အကြုံကောင်းများအတိုင်း မိမိဒေသအပါအဝင် ပြည်နယ်/တိုင်းအားလုံးနှင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစည်းတလုံးတည်း၊ တစ်စိတ်တစ်ဝမ်းတည်း ဆက်လက်လက်တွဲ ကြိုးပမ်းသွားရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အလှူငွေပေးအပ်

ယင်းနောက် အလှူငွေပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ ကချင်ပြည်နယ်အတွက် ငွေကျပ် ၂၁သိန်းကျော် တန်ဖိုးရှိ အဝတ်အထည်နှင့် ပစ္စည်းများကို အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန် ပထမဆင့် ဒေါ်ဆယ်(ငွေဆယ်မိသားစု)ကပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်ထံ အလှူရှင် ဒေါ်ဆယ်က ကချင်ပြည်နယ် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ် ခုနစ်သိန်းပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေထံ ဒေါ်ဆယ်နှင့် မိသားစုများ၊ မိတ်ဆွေများက ငွေကျပ် ၁၇ သိန်းကျော် တန်ဖိုးရှိ စောင်နှင့် အဝတ်အထည်များကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်တင်တင်နွဲ့က မြစ်ကြီးနားမြို့ မျက်မမြင်ကျောင်းအတွက် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ လှူဒါန်းငွေ ကျပ် ၄၅၀၀၀ကို ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြင့်အား ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ် ကြီးစိုးဝင်းသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည်မြစ်ကြီးနားလေဆိပ်သို့ သွားရောက်ကြပြီး လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ထပ်ပိုးလွှာခင်းပြီးသည့် လေယာဉ်ပြေးလမ်းကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြသည်။

လေယာဉ်ကွင်း ဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၂)က အရှည်ပေ ၆၀၀၀၊ အကျယ်ပေ၁၅၀ရှိ မြစ်ကြီးနားလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နား နေရာတို့ကို ၂၀၀၀ပြည့်နှစ် ဇွန်လမှစ၍ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ဗန်းမော်မြို့ရောက်ရှိ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက်၁၀နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ဗန်းမော်မြို့သို့ ရောက်ရှိကြရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဗန်းမော်လေဆိပ် ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင်က ဗန်းမော်လေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ချက်များကို ရှေးဦးစွာ ရှင်းလင်းတင်ပြပြီး လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြေးလမ်းတိုးချဲ့ခြင်း လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသံလွင်ဟိုင်ဝေးကုမ္ပဏီလီမိတက် အင်ဂျင်နီယာမှူး ဦးတင်ဝင်းနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းထွန်းတို့ကဗန်းမော်လေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ရေးလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စံချိန်စံညွှန်းမီ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လေယာဉ်ပြေးလမ်းကို စနစ်တကျစံချိန်စံညွှန်းမီတည်ဆောက်ရန် မှာကြားကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လေယာဉ်ပြေးလမ်းကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြသည်။

ဗန်းမော်လေဆိပ်၏ မူလလေယာဉ်ပြေးလမ်းမှာ အလျားပေ၅၅၀၀၊ အနံပေ ၁၀၀ရှိသည့် ကျောက်ကတ္တရာခင်းပြေးလမ်းဖြစ်သည်။

တာဝန်ယူဆောင်ရွက်နေ

အဆိုပါပြေးလမ်းကို အလျားပေ ၈၅၀၀၊ အနံပေ ၁၀၀ ရှိ ကျောက်ရောကတ္တရာလမ်းအဖြစ် လည်းကောင်း၊ အလျားပေ ၂၀၀၊ အနံပေ ၃၀၀ရှိ လေယာဉ်ရပ်နားနေရာနိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းကိုလည်းကောင်း ရွှေသံလွင်ဟိုင်ဝေးကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောင်ရွက်နေခြင်း ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗန်းမော်လေဆိပ်မှတစ်ဆင့် ဗန်းမော်မြို့အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံကျောင်းအုပ်ဒေါ်ခင်ကြူကြူက ကောလိပ်တွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ၊ သင်ထောက်ကူပစ္စည်းများ ရရှိထားမှုနှင့် ဆရာ၊ ဆရာမ အင်အား၊ ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗန်းမော်ခရိုင် အင်ဂျင်နီယာမှူး ဦးညီညီက ကွန်ပျူတာကောလိပ်အတွင်းရှိ လမ်းများ ကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဗန်းမော်မြို့ အစိုးရကွန်ပျူတာကောလိပ်တွင် သုံးထပ်ပင်မဆောင် ဆောက်လုပ်ရန် လျာထားသည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျောင်းသားများအား ကွန်ပျူတာပညာရှင်များဖြစ်လာအောင် ပြုစုပျိုးထောင် ပညာသင်ကြားပေးရန်၊ ကွန်ပျူတာ အသုံးချမှု ကျယ်ပြန့်လာအောင် ကြိုးစား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်များကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုနှင့် ကွန်ပျူတာခန်းတို့ကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ် ဆောက်လုပ်ဆဲ နှစ်ထပ်ပင်မဆောင်ကို တွေ့ရစဉ်။
(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဗန်းမော်ဒီဂရီကောလိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

➪ စာမျက်နှာ ၉ မှ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဒီဂရီ ကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများက ကြိုဆိုကြသည်။

ထို့နောက် သုံးထပ်ပင်မဆောင်၌ ကျောင်းအုပ်ကြီး ဦးခင်မောင်တင်က ဗန်းမော်ဒီဂရီ ကောလိပ်၏ သင်ကြားရေးနှင့် စီမံရေးရာကိစ္စများကို လည်းကောင်း၊ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးကြည်ဝင်းစိန်က ဗန်းမော်ဒီဂရီကောလိပ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က နယ်မြေဒေသအလိုက် အဆင့်မြင့်ပညာကို လွယ်လင့်တကူ သင်ကြားနိုင်အောင် စီမံဖွင့်လှစ်ထားသည့် တက္ကသိုလ်၊ ကောလိပ်များ ရှိနေပြီဖြစ်ရာ ဗန်းမော်ဒီဂရီ ကောလိပ်ကလည်း အဆင့်အတန်းရှိသော ကောလိပ်ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁)သည် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သုံးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆရာ၊ ဆရာမ အဆောင်များ၊ ပါမောက္ခနေအိမ်များ၊ ဝန်ထမ်းနေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဗန်းမော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံကို တွေ့ရစဉ်။
(သတင်းစဉ်)

ကြည့်ရှုအားပေး

ထို့နောက် စာသင်ဆောင်(၄)ရှိ Computer Training Centre နှင့် Language Laboratory တို့၌ ကျောင်းသား၊ ကျောင်းသူများ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် အမျိုးသား ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ သူရိယဆောက်လုပ်ရေးအဖွဲ့ အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်သက်လှိုင်က သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ နှစ်ထပ်သင်တန်းကျောင်း အဆောက်အအုံတစ်လုံးနှင့်လေးခန်းတွဲနှင့်နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နှစ်ထပ်သင်တန်းကျောင်း အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး အဆောက်အအုံများကို စနစ်တကျ သပ်သပ်ရပ်ရပ် တည်ဆောက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခုတင် ၂၀၀ဆံ့ ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ရှေးဦးစွာ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ အထူးကြပ်မတ်ကုသခန်းနှင့် မျက်စိကု ဌာနတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ထမ်းနေအိမ်များကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဦးသိန်းလှက ရှင်းလင်းပြသပြီး အတွင်းရေးမှူး(၁)ကလိုအပ်သည်များ မှာကြားသည်။

နည်းပညာကောလိပ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ရွှေသံလွင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ကျော်က ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်တွင် ဆောက်လုပ်ပြီးစီးသည့် အလုပ်ရုံများနှင့် ဝန်ထမ်းနေအိမ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆောက်လုပ်ဆဲ နှစ်ထပ်ပင်မဆောင်နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးကျော်ခိုင်လင်းက သင်ကြား/စီမံကိစ္စများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နှစ်ထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ ကွန်ပျူတာခန်းနှင့် အလုပ်ရုံများကိုလည်းကောင်း၊ စာသင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ဗန်းမော်မြို့ သာသနာ့ဗိမာန်သို့ သွားရောက်၍ ဗန်းမော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ညောင်ပင်သာကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကလျာဏထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ညနေ ၄နာရီခွဲတွင် ဗန်းမော်မြို့ ဗန်းမော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဗန်းမော်ခရိုင်နှင့် ဗန်းမော်၊ မံစီ၊ မိုးမောက်၊ ရွှေကူမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားပြီးနောက် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

NTU ဝင်ခွင့်သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

Nanyang Technological University မှ Engineering Degree ရလိုသူများအတွက် ဝင်ခွင့်သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သည်။ Intensive Course များကို ဇန်နဝါရီ ၁၉ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား၍ ရေဝတီ မီဒီယာဆားဗစ် ၅၂၄၊ ပထမထပ်(ယာ)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဖုန်း-၂၁၂၈၀၀နှင့် ၂၂၄၉၈၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ် စုဆောင်းခြင်းမဖြစ်ပေါ်ရန်တားဆီး ကလေးသူငယ်များ အကျိုးစီးပွားကာကွယ်ရေးအမိန့်နှင့် ညွှန်ကြားချက်များ တိကျစွာလိုက်နာရေး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၆

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေး ခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စစ်ဥပဒေချုပ် ဗိုလ်မှူးချုပ်စိုးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကော်မတီ အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်စံတင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပဏာမရှင်းလင်းမှာကြား

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ကော်မတီအနေဖြင့် မိမိတို့နိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ် စုဆောင်းခြင်းများ မဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ကြပ်မတ် ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထားပြီး ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပဏာမရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးအောင်စံတင်က အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး၏ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင် ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်က အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေး ဝန်ကြီးဌာန တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးမှ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အတင်းအကျပ် စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၉)ဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသူများတက်ရောက်ကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာနရိပ်သာ၌ နံနက် ၁၀နာရီတွင်ကျင်းပသော ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ စာအုပ်များ လှူဒါန်းပွဲသို့ တက်ရောက်ပြီး အလှူရှင်များ ပေးအပ်လှူဒါန်းသည့်စာအုပ်များကို လက်ခံရယူသည်။ **(ဝဲပုံ)**

ယနေ့ လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာမေးပွဲအထောက်အကူပြု စာအုပ်များလှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် အလှူရှင် ခုနစ်ဦးတို့က ငွေကျပ် ၄၆၁၄၅၀၀ တန်ဖိုးရှိစာအုပ်ပေါင်း ၈၅၂၆ အုပ်ကို လှူဒါန်းခဲ့ကြပြီး အဆိုပါ စာအုပ်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် နယ်စပ်ဒေသ အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသည့် တိုင်းရင်းသား ကျောင်းသား၊ကျောင်းသူများအတွက် ခွဲဝေပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ရွှေလောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၇)**
- ၁:၅၅ ၇။ ပိုလီယိုကင်းစင် ကမ္ဘာတစ်ခွင် ဆွေးနွေးခန်းအစီအစဉ်
- ၂:၁၀ ၈။ **လောကနီတိ(၁) အိုးထိန်းသည် [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ အိဖြူစိုး] (ဒါရိုက်တာ-ခင်ဇော်)**
- ၂:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
  - ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ နားဝင်ပီယံသူ့လက်သံ
- ၅:၅၅ ၉။ **တော်ပါပေတယ် ဘွားဘွားရယ် (မင်းမော်ကွန်း၊မြတ်ကေသီအောင်) (ဒါရိုက်တာ-သိန်းဟန်-ဖိုးနစ်)**
- ၆:၀၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Discovery.
- ၇:၂၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၆)**
- ၇:၄၅ ၁၆။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ထက်မြက် ကျောင်းသား၊ ကျောင်းသူများချီတက်သရုပ်ပြပွဲ (အပိုင်း၂)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း ပွဲတင်သံများ (အပိုင်း-၂) (ရန်အောင်၊နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ- မောင်မောင်ဦး- စနိုးပွိုက်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ပြတ်တောက်သွားသောလက်ကို ပြန်လည်ဆက်ပေးနိုင် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှု တတိယအကြိမ် အောင်မြင်

ရန်ကုန် ဇန်နဝါရီ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာ ခွဲစိတ်ကုသဆောင်၌ အောင်မြင်စွာ ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သည့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုကို သွားရောက်ကြည့်ရှုစစ်ဆေးအားပေးသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် အထူးကြပ်မတ်ကုသခန်း၌ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှု ခံယူခဲ့သော လူနာအား ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် ထိခိုက်ဒဏ်ရာကုဌာနသို့ ဓားခုတ်ခံရမှုကြောင့် ညာဘက်လက်ဖျံ (Right forearm)မှ ပြတ်တောက်သွားသော အသက်(၅၅)နှစ်ရှိ လူနာဦးသန်းမောင်သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၅နာရီခွဲတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီးမှ လွှဲပြောင်းရောက်ရှိလာရာ လက်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်များက ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ဆက်၍ ကုသမှုများ ဆောင်ရွက်ကြသည်။

ပြန်လည်ဆက်ပေး

ခွဲစိတ်ကုသမှုကို ည ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် ခွဲစိတ်ခန်း၌ ဆောင်ရွက်ခဲ့ပြီး ခွဲစိတ်မှုစတင်ပြီး နှစ်နာရီခန့်အကြာတွင် ခွဲစိတ်မှုများ ပြီးစီး၍ သွေးလွှတ်ကြောနှင့် သွေးပြန်ကြောများကို ပြန်လည်ဆက်ပေးနိုင်ခဲ့သည်။ စုစုပေါင်း ခွဲစိတ်ကုသချိန်မှာကိုးနာရီခန့်ကြာမြင့်ပြီး ဆက်ထားသောသွေးလွှတ်ကြောနှင့်သွေးပြန်ကြောများ၌ သွေးမခဲစေရန် I/V Heparin(5000unit) ကိုထိုးပေးသည်။

ခွဲစိတ်ကုသမှု ပြီးဆုံးပြီးနောက် လူနာအား အထူးကြပ်မတ်ကုသဆောင်၌ ဆက်လက်ကုသမှု ပေးလျက်ရှိသည်။ လူနာ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လက်ချောင်းကလေးများလည်း လှုပ်ရှားနိုင်ပြီ ဖြစ်သည်။ ယခု လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသ အောင်မြင်မှုမှာ တတိယအကြိမ် အောင်မြင်မှုဖြစ်သည်။

နိုင်ငံတော်ကလည်း လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှု အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၅၀၀၀ တန်ဖိုးရှိ အဏုကြည့် ခွဲစိတ်မှန်ပြောင်း (Operation Microscope) နှစ်လုံးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ကျွမ်းကျင်သူ ပညာရှင်များ ပေါ်ထွက်လာရေးအတွက် ဆေးလက်တွေ့ပါရဂူ (လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှု) သင်တန်းကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ၂၀၀၂ခုနှစ်မှ စတင်၍ သင်ကြားပေးလျက်ရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသခန်း၌ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှု ခံယူခဲ့သောလူနာအား ကြည့်ရှုအားပေးစဉ်။
(ကျန်းမာရေး)



ပြတ်တောက်သွားသည့် ညာဘက်လက်ဖျံအား တွေ့ရစဉ်။
(ကျန်းမာရေး)

ပြတ်တောက်သွားသည့် လက်အား အောင်မြင်စွာ ပြန်လည်ဆက်ပေးပြီးနောက် တွေ့ရစဉ်။
(ကျန်းမာရေး)

အာရှဗိုလ်(၂) တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်(TFM) တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဗိုလ်(၂) တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌဦးဇော်ဇော်(Max Myanmar Co, Ltd)၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co, Ltd) နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ၊ တင်းနစ် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ဒုတိယအကျော့ပြိုင်ပွဲ ပွဲစဉ်များတွင် အမျိုးသားတစ်ဦးချင်းပွဲစဉ်များ၌ မြန်မာအသင်းမှ ဖြိုးမင်းသာ၊ အိုက်ကျောက်၊ ဝင်းထက်ပိုင်နှင့် ဇင်ဘို၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ မိုးချစ်သဲတို့ ကွာတားဖိုင်နယ်သို့ အသီးသီး တက်ရောက်သွားကြသည်။

အမျိုးသားတစ်ဦးချင်း ဒုတိယအကျော့ပွဲစဉ်များတွင် ပထမအဆင့် ရှုံးထွက်ပွဲစဉ်၌ မြန်မာအသင်းမှ အိုက်ကျောက်က မော်လဒိုက်မှ SAIF ကို ၆-၀၊ ၆-၀ဖြင့်လည်းကောင်း၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် သီရိလင်္ကာမှ Dinesh Kanthan ကို ၆-၂၊ ၆-၂ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှ ဖြိုးမင်းသာက သီရိလင်္ကာမှ Prince ကို ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် ၆-၂၊ ၆-၀ ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှ ဝင်းထက်ပိုင်က ပါကစ္စတန်မှ Nazar ကို ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် ၆-၁၊ ၆-၀ ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှ ဇင်ဘိုက မြန်မာအသင်းမှ အောင်ကိုကိုကို ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်တွင် ၆-၁၊ ၆-၂ ဖြင့်လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် မြန်မာအသင်းမှ မိုးချစ်သဲက မော်လဒိုက်မှ Abdulla ကို ၆-၁၊ ၆-၁ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

ဒုတိယအကျော့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၁၇ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အသက် (၁၄) နှစ် နှင့် အောက် အာရှဗိုလ်(၂) အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် လာအိုနိုင်ငံမှ Somvongsora ၏ ယှဉ်ပြိုင်ဟန်။ (ကြေးမုံ)

တပ်မတော်နေ့ အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (အဆင့်မြင့်ပညာအဆင့်) ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ)ခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲကျင်းပရာသို့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးဇော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အကဲဖြတ် အမှတ်ပေးဒိုင်များအဖြစ် ရန်ကုန်တက္ကသိုလ်မှ သမိုင်းပါမောက္ခဒေါက်တာ ဦးကျော်ဝင်း၊ မြန်မာစာပါမောက္ခ ဒေါက်တာဦးခင်အေးနှင့် အဝေးသင်တက္ကသိုလ်(ရန်ကုန်)မှ သမိုင်းပါမောက္ခ ဒေါ်ခင်ခင်ထွေးတို့က ဆောင်ရွက်ကြသည်။

ပြိုင်ပွဲသို့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ အဆင့်မြင့်ပညာအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ မောင်သီဟထွန်းကလည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်(သန်လျင်)မှ မောင်လွင်နိုင်ထွန်းကလည်းကောင်း၊ တတိယဆုကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ မောင်ကျော်မိုးကလည်းကောင်း ရရှိကြသည်။ (သတင်းစဉ်)

ဝါဏိဇ္ဇဘွဲ့ရများအသင်း ရွှေရတုအထိမ်းအမှတ် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ဝါဏိဇ္ဇနှင့် စီမံခန့်ခွဲမှု ပညာဘွဲ့ရများဖြင့် ဖွဲ့စည်းထားသော ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို လှိုင်မြို့နယ် MICT Park ၌ ဇန်နဝါရီ ၁၇ရက်(စနေနေ့) တွင် ကျင်းပမည်ဖြစ်သည်။

ရွှေရတုအထိမ်းအမှတ် စီးပွားရေးလုပ်ငန်းဆိုင်ရာ စကားဝိုင်းဟောပြောပွဲများ ကျင်းပခြင်း၊ အသင်း၏ လှုပ်ရှားမှုများ၊ ဆရာကြီးဝီလျံပေါ် အမှတ်တရဆုရန်ပုံငွေဆိုင်ရာ လှုပ်ရှားမှုများနှင့် ဝါဏိဇ္ဇနှင့် စီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာများ၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာများ ခင်းကျင်းပြသခြင်း၊ ရွှေရတုညစာစားပွဲနှင့် ဖျော်ဖြေရေးအခမ်းအနား ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။

(က-ပ)

e-Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ

၁၉-၁-၂၀၀၄ (တနင်္လာနေ့)
- Presentation Skills (3)
- Functioning in English (3)

၂၀-၁-၂၀၀၄ (အင်္ဂါနေ့)
- Functioning in English (4)
- Teaching Grammar

၂၁-၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
- Teaching Literature as Resource in Language Classrooms
- Promoting Reading Skills (1)

၂၂-၁-၂၀၀၄ (ကြာသပတေးနေ့)
- Promoting Reading Skills (2)
- Promoting Reading Skills (3)

၂၃-၁-၂၀၀၄ (သောကြာနေ့)
- ဆရာမင်းသုဝဏ်၏ 'ပြောသံ'ကဗျာ
- ဦးဗဂျီဒို၏ ဖြစ်နိုင်ပါ့မလားစကားပြေ

၂၄-၁-၂၀၀၄ (စနေနေ့)
- အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၅-၁-၂၀၀၄ (တနင်္ဂနွေနေ့)
- အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

လယ်မြေဧက တစ်သိန်းကျော် အကျိုးပြုမည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

သတင်းဆောင်းပါး
ကျော်စိန်

ဓာတ်ပုံ
အောင်မိုး



ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဘ၀ တိုးပွားခိုင်မာစေသည်သာမက နိုင်ငံတော်၏ လူဦးရေအများစုကြီးဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘ၀ကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့်စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ဆည်မြောင်းတာတမံများကို နိုင်ငံတော်က အလေးထားတည်ဆောက်ပေးနေခြင်းဖြစ်သည်။

စပါးသီးနှံအပါအ၀င် သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စားဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် သက်ဆိုင်ရာဒေသသာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးရှိမည့် ဘက်စုံစီမံကိန်းကြီး များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ဆည်မြောင်းဦးစီးဌာနသည် အလားအလာရှိသော ဆည်မြောင်းလုပ်ငန်းများကို စူးစမ်းလေ့လာ တိုင်းတာခြင်းနှင့် ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း၌ ပါဝင်သည့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်တွင် တည်ရှိသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တစ်ခုအပါအ၀င်ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းကို ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ တောင်ဘက် ၂ ဒသမ ၅ မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသည်။ ရဲနွယ်ရေလှောင်တမံသည် အလျားပေ၁၀၅၀၊ အမြင့် ၂၅ ပေနှင့် ရေပမာဏ ဧက ပေ ၁၂၁၂၆၀၀ သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတစ်ခုဖြစ်သည်။ ရဲနွယ်ရေလှောင်တမံမှ လယ်မြေဧက ၁၁၈၅၀၀ခန့်၊ သီးနှံ ဧရိယာ ဧက ၂၃၇၀၀၀ ခန့်ကို ရေပေးဝေပြီး ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးမည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို မူလဒီဇိုင်းအရ ၂၃၆ ပေ သတ်မှတ်ထားခဲ့ရာမှ ၁၅ ပေ ပိုမိုမြှင့်လိုက်ခြင်းကြောင့် ရေလှောင်ပမာဏ ပိုမိုသိုလှောင်နိုင်ပြီး မူလက လျှပ်စစ် ၁၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရာမှ ၂၅ မဂ္ဂါဝပ်သို့ တိုးမြှင့်ထုတ်လုပ်နိုင်သွားမည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတည်ဆောက်နေခြင်းနှင့် ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့သည် ၂၀-၁၂-၂၀၀၃ နေ့တွင်လုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့သည်။ ကြေးမုံသတင်းအဖွဲ့အား တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘုန်းတင်က ရဲနွယ်ရေလှောင်တမံစီမံကိန်းတွင် ပါဝင်သည့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ရဲနွယ်ရေလှောင်တမံစီမံကိန်းအရ ရေဆင်းဧရိယာမှာ ၃၀၆ စတုရန်းမိုင်ရှိမည်ဖြစ်ပြီး ရဲနွယ်ချောင်းတည်ရာ မြို့ချောင်းတွင် နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၁၁၀ ထိရွာသွန်းသောကြောင့်နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ဧကပေ ၈၆၁၀၀၀ ရှိမည်ဖြစ်သည်။

တမံအမျိုးအစားမှာ အလယ်ပိုင်း ရေလုံလွှာနှင့် ကျောက်မြေသားတမံ Zoned Type ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံကို တည်ဆောက်ရာတွင် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း ဟူ၍ အဓိကလုပ်ငန်းသုံးရပ်ရှိရာ ရဲနွယ်ချောင်း၏ ရေစီးအား ကောင်းမှုကြောင့် ရေလွှဲရန်လုပ်ငန်းအတွက် တောင်ကို ဥမင်လိုဏ်ဖောက်၍ ရေလွှဲသည့် လုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခဲ့ကြသည်။

ရေလွှဲဥမင်လိုဏ်ခေါင်းမှာ အလျား ၁၆၃၄ ပေရှည်သော အချင်းလေးမီတာ ပေ(၁၃ ဒသမ ၁၂)ရှိသည့် မြင်းခွာပုံသဏ္ဌာန် သံကူကွန်ကရစ်ဖြစ်သည်။ ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၇-၁၂-၂၀၀၀ နေ့တွင်စတင်ခဲ့ရာ ၂၄-၁၁-၂၀၀၂ နေ့၌ တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးခဲ့သည်။ ဆက်လက်၍ ကွန်ကရစ်လိုင်နင်လုပ်ငန်းကို ဆောင်ရွက်ရာ ၂၀-၆-၂၀၀၃ နေ့တွင် ပြီးစီးသွားပြီဖြစ်သည်။

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းတွင် ရေလှောင်တမံပမာဏထက် ကျော်လွန်၍ ဝင်လာသောရေများကို လွှဲပြောင်းပေးရန်တည်ဆောက်လျက်ရှိသည့် အကျယ်ပေ ၁၀၀၊ အလျား ပေ ၈၀၀ ရှိမည့် ရေပိုလွှဲ တည်ဆောက်လျက်ရှိသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အောင်မိုး)

ရေလွှဲဥမင်လိုဏ်ဖောက်လုပ်ခြင်းကို ပထမဦးစားပေး ဆောင်ရွက် ပြီးနောက် တမံဖို့ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ရဲနွယ်ချောင်း၏ ရေစီးအားသည်ဒီဇင်ဘာလအထိရေစီးအား ဧက ပေ ၁၃၀၀၀ ခန့်ရှိပြီး ဇန်နဝါရီလတွင် ရေစီးအား ဧက ပေ ၈၀၀၀ သို့ လျော့လာသဖြင့် တမံဖို့ခြင်းလုပ်ငန်းကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

တမံဖို့ရန်မြေများကို လေးမိုင်ခန့်ဝေးသောဒေသမှ မြေသယ်ကားကြီးများကိုအသုံးပြု၍ ဆောင်ရွက်လျက်ရှိရာ မြေကျင်းပေါင်း လေးသိန်းခွဲဖို့ရမည်ဖြစ်သောကြောင့် မိုးမကျမီ ပြီးစီးနိုင်ရန် တစ်နေ့လျှင် နှစ်ဆိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း အချိန်မီပြီးစီးရန် ယန္တရားကြီးများဖြင့် မြေများသယ်ယူနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-(အောင်မိုး)

အချောသပ်ပြုပြင်

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေလွှဲဥမင်လိုဏ် တည်ဆောက်ပြီးစီးသွားသောကြောင့် အချောသပ်ပြုပြင်လျက်ရှိသည်ကို ရေလွှဲဥမင်အထွက်ပေါက်ဘက်မှ တွေ့ရစဉ်။ ဓာတ်ပုံ-(အောင်မိုး)

ချောင်းပိတ်လုပ်ငန်းဆောင်ရွက်

ရဲနွယ်ရေလှောင်တမံစီမံကိန်းတွင် ရေသိုလှောင်ရန်အတွက် တမံဖို့ရန် ယန္တရားကြီးများဖြင့် ချောင်းပိတ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-(အောင်မိုး)

ရဲနွယ်ရေလှောင်တမံတည်ဆောက်ရာ၌ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ အကျယ်အဝန်းသည် ဧက ၂၀ ခန့်ရှိပြီး မြေပြန့်တွင် တည်ဆောက်ခြင်းမဟုတ်ဘဲ တောတောင်များထဲ၌ ဆောင်ရွက်ရခြင်းဖြစ်သည်။ ရေလှောင်တမံ၏ အဓိကလုပ်ငန်းဖြစ်သော ရေလွှဲဥမင်လုပ်ငန်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းတို့မှာ တစ်ဆက်တစ်စပ်တည်းမရှိဘဲ သင့်လျော်သောနေရာများကို ရွေးချယ် ဆောင်ရွက်ရသဖြင့် အခက်အခဲများကို ဖြတ်ကျော်ဆောင်ရွက်ခဲ့ကြရသည်။

ဆက်လက်၍ ရေသောက်စနစ်အတွက်အလျား ၇ ဒသမ ၁၁ မိုင်ရှည်သည့် တူးမြောင်း၊ အလျား ၃၀၉မိုင်ရှည်သည့် လက်တံမြောင်းတစ်ရာ၊ တူးမြောင်း အဆောက်အအုံ ၂၃၇၀ ခုတို့ကို ဆက်လက် ဆောက်လုပ်မည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံကို ခန့်မှန်းကုန်ကျ ငွေကျပ် ၄၂၀၇ သန်း အကုန်အကျခံ၍ ၂၀၀၅ ခုနှစ်အတွင်း ပြီးစီးနိုင်ရေး နေ့မအား၊ ညမအား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြရပါသည်။ ။

(ကြေးမုံ)

မြန်မာ ICT ရက်သတ္တပတ် ၂၀၀၄ (ဇန်နဝါရီ ၂၁-ဇန်နဝါရီ ၂၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်

၀၇:၃၀ နာရီ	ဖွင့်ပွဲအခမ်းအနား Projects Launching
၁၃:၀၀ နာရီ	Professional Certification(Seminar& Ceremony)
၁၃:၀၀ နာရီ	Capability Maturity Model Integration(Workshop)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်

၀၉:၀၀ နာရီ	Role of Women in ICT Industry(Workshop)
၀၉:၀၀ နာရီ	PKI application(CA)
၁၃:၀၀ နာရီ	Myanmar Language Implementation(Workshop)
၁၃:၀၀ နာရီ	Hardware Trend for software developers(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်

၀၉:၀၀ နာရီ	Database Trend Technology (Workshop)
၁၃:၀၀ နာရီ	Object Oriented Software Development With Unified Modeling Language(Workshop)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်

၀၉:၀၀ နာရီ	Software Products for SME (Presentation & Promotion)
၁၃:၀၀ နာရီ	Software Products for SME (Presentation & Promotion)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်

၀၉:၀၀ နာရီ	Security issues and related products(Seminar)
၁၃:၀၀ နာရီ	e-Procurement(Seminar)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆)ရက်

၀၉:၀၀ နာရီ	Wireless and broadband application(Seminar)
၁၃:၀၀ နာရီ	Myanmar National Counter-Strike Championship Final

နည်းပညာပြပွဲများကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ(၂၁)ရက်နေ့မှ ဇန်နဝါရီလ(၂၇)ရက်နေ့အထိ နေ့စဉ် နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိ အခမဲ့ပြသမည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေရာ။ MICT Park, ရန်ကုန်မြို့။

Adobe Creative Suite ဖြင့် နည်းပညာမြှင့်တင်သင်ကြား

ရန်ကုန် ဇန်နဝါရီ ၁၆

Forever Group Co., Ltd. ၏ Multimedia Training တစ်ခုဖြစ်သော Graphic & Special Effects Tarining တွင် သင်ကြားမှု အတွေ့အကြုံရှိသော ကျွမ်းကျင်နည်းပြများဖြင့် "Professional Digital Graphic Design" သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ Adobe ၏ နာမည်ကျော် Graphic Design Software များဖြစ်သည့် Adobe Photoshop, Illustrator, In Design စသည့် Software ကြီးသုံးမျိုး၏ Update Version များမှ နောက်ဆုံးပေါ် နည်းပညာများကို ၁၉၉၆ ခုနှစ်မှ စ၍ ယနေ့တိုင် ဆက်လက်တိုးမြှင့် သင်ကြားပေးလျက်ရှိသည်။

Adobe ၏ နည်းပညာမြှင့်တင်မှုအဖြစ် "Adobe Creative Suite" ကို ၂၀၀၃ နိုဝင်ဘာလအတွင်း ဖြန့်ချိခဲ့ရာ ၎င်းနည်းပညာ၏ တိုးမြှင့်ဆန်းသစ်မှုများစွာကို ၂၀၀၄ခုနှစ် နှစ်သစ်အခါသမယတွင် စတင်ဖွင့်လှစ်သော တန်းခွဲသစ်များမှ စတင်၍ Classroom in a Book Lesson CD များအား Apple Computer ၏ မြန်နှုန်းမြင့် G3 Powr Processor များ တပ်ဆင်ထားသော eMac (Education Mac) များအသုံးပြုကာ Mac OS X ပေါ်တွင် လေ့ကျင့်သင်ကြားပေးနေပြီဖြစ်ကြောင်းသိရသည်။

Adobe CS တွင် Adobe Photoshop CS, Illustrator CS, in Desing CS, Golive CS နှင့် Acrobat 6.0 Professional တို့ပါဝင်ပြီး ဒီဇိုင်းလောကအတွက် ပြီးပြည့်စုံမှု အမြင့်ဆုံး၊ အမြန်ဆုံး၊ အထိရောက်ဆုံးနှင့် စွမ်းဆောင်ရည်အမြင့်မားဆုံးရစေမည့် Professional Tool ဖြစ်ကြောင်းနှင့် သင်တန်းနှင့် ပတ်သက်၍ စုံစမ်းလိုပါက ဖုန်း-၂၅၆၂၆၅ နှင့် ၇၀၁၁၈၀ တို့သိုလည်းကောင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်ရန်ကုန်မြို့သို့လည်းကောင်း စုံစမ်းနိုင်သည်။ (က-ပ)

ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ပုံမှန်သက်တမ်းတိုးခြင်း သတ်မှတ်ကာလမကုန်ဆုံးမီဆောင်ရွက်ရန်နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၃ခုနှစ်တွင် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပေးထားသော ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ၏ လိုင်စင်သက်တမ်းမှာ ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင်ကုန်ဆုံးပြီဖြစ်သည်။

၂၀၀၄ခုနှစ်အတွက် လိုင်စင်ခွန်ပေးဆောင်၍ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၇၊၈၊၉ရက်များတွင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် လိုင်စင်ခွန်များ ပေးဆောင်ရန် နှိုးဆော်ချက်ကို နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်သည်။

ဖော်ပြပါနှိုးဆော်ချက်၌ ၂၀၀၄ခုနှစ်အတွက် လိုင်စင်ခွန်ပေးဆောင်၍ သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း၃၀အတွင်း ပြုလုပ်ရမည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်မှ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားပါက ရက်လွန်ကြေး ကျပ် ၃၀၀၀ပေးဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၀၄ခုနှစ်အတွက် လိုင်စင်များ ပုံမှန်သက်တမ်းတိုးခြင်းကို ဇန်နဝါရီ၁ရက်မှ ၃၀ရက်အထိ ရက်ပေါင်း ၃၀အတွင်း အပြီးဆောင်ရွက်ကြရန် သက်ဆိုင်ရာက အသိပေး နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

စိန့်အဲဂနက်(ကလော) ကျောင်းသားဟောင်းများ မိတ်ဆုံပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

စိန့်အဲဂနက် (ကလော) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မိတ်ဆုံပွဲကို ဇန်နဝါရီ ၁၉ရက် (တနင်္လာနေ့) ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ The Princess ၌ ကျင်းပမည်ဖြစ်၍ ဒေါ်တင်မျိုးအေး(Violette Tin Hla) ဖုန်း-၆၆၃၀၁၄၊ ဒေါ်တင်တင်ဦး(Rosemarie Bo) ဖုန်း-၅၂၇၄၄၀၊ ဒေါက်တာခင်တာတာ (Emma Myat) ဖုန်း-၂၉၄၀၆၀၊ ဒေါက်တာဝင်းဝင်းချို (Winnie Cho Tun) ဖုန်း-၃၇၁၂၈၅နှင့် ဒေါ်မြင့်မြင့်မိုး (Dora Soe)ဖုန်း-၆၆၀၅၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပဉ္စလက်ရေခဲမုန့်နှင့် ခေတ်သစ်ပုံပြင်များထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၆

သက်ဦးလွင်၏ ပဉ္စလက်ရေခဲမုန့်နှင့် ခေတ်သစ်ပုံပြင်များ စာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် (၁၅၃) ၅(က) လွှာ ဆုပြည့်စုံထွန်းစာပေ ဖုန်း-၇၂၁၀၆၇နှင့် ၇၀၆၄၁၄ က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။**(အောက်ပုံ)**(က-ပ)



အများသိစေရန်ကြေညာခြင်း

အမှတ် (၇၃)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကျော်ဦးလွင်[၁၂/မဂတ(နိုင်) ၀၅၆၄၅၄]၊ ဒေါ်စိုးစိုးခိုင်[၁၂/မဂတ(နိုင်)၀၅၆၄၃၂]နှင့် ဦးကျော်ထွေးလွင် [၁၂/မဂတ(နိုင်) ၀၀၈၇၂၅]တို့၏ ညွှန်ကြားချက်အရ ကြေညာသည်မှာ အမှတ်(၇၃)၊ ၁၂၁-လမ်း၊ မြေညီ ထပ်နှင့် ပထမထပ်(ယာ)ဘက်အခန်းတို့သည် မိခင်ဒေါ်ဖွားခင်ဦး [၁၂/မဂတ(နိုင်)၀၅၆၄၅၃]မှ အထက်အမည်ပါ သုံးဦးအား အပြီးအပိုင်လက်ရောက်ပေးအပ်ပြီးဖြစ်ပါသည်။ ဖခင်ဦးဇေယျာလွင်[၁၂/မဂတ(နိုင်)၀၇၇၉၁၃]မှလည်း သမီးဖြစ်သူဒေါ်စိုးစိုးခိုင်သို့ တယ်လီဖုန်းအမှတ်-၂၉၃၉၆၉အား ၃-၇-၂၀၀၃ရက်စွဲပါ ကတိစာချုပ်အရ အပြီးအပိုင်ပေးအပ်ပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ ၎င်းအိမ်ခန်းများနှင့် တယ်လီဖုန်းအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံ၊ ငှားရမ်းပိုင်ခွင့်၊ အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခွင့်မရှိကြောင်းနှင့် ဖြစ်ပေါ်လာသည့် ပြဿနာအဝဝကိစ္စကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်သည့်အပြင် ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးတင်မောင်သိန်း (BA, R.L, D.B.L)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၉)၊ အခန်းအမှတ်(၄)၊ ၃၄-လမ်း၊
ကျောက်တံတားမြို့နယ်။ ဖုန်း-၃၀၁၄၈၈။

ကျေးဇူးတင်ဝမ်းမြောက်ခြင်း

၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၈ရက်နေ့မှ ၂၈ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ (2nd ASEAN PARA GAMES)သို့ သွားရောက်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်(၂၄)ခု၊ ငွေတံဆိပ်(၁၃)ခုနှင့် ကြေးတံဆိပ်(၁၂)ခုရရှိကာ နိုင်ငံအလိုက် အဆင့်(၄)ရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော မြန်မာနိုင်ငံကိုယ်စားပြု အောင်ပွဲရ မြန်မာ့မသန်စွမ်းအားကစားအဖွဲ့အား ၉-၁-၂၀၀၄ရက်နေ့ ည(၀၆:၀၀)နာရီတွင် Central Hotel ၌ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်ကြီးများ၊ ရွှေတံဆိပ်တစ်ခု ကျပ်(၁)သိန်း၊ ငွေတံဆိပ်တစ်ခုကျပ်(၅)သောင်း၊ ကြေးတံဆိပ်တစ်ခု ကျပ်(၃)သောင်းချီးမြှင့်ပေးသော အောက်ပါအလှူရှင်များ၊ ဂုဏ်ပြုညစာဖြင့်တည်ခင်းသော မြန်မာနိုင်ငံဟော်ကီအားကစားအဖွဲ့ချုပ်နှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသူများအား အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း။

(၁) ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်း	(၅) သိန်း
(၂) KAF Co., Ltd.	(၅) သိန်း
(၃) Tet Kham Co., Ltd.	(၃) သိန်း
(၄) ဦးကျော်မင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်	(၃) သိန်း
(၅) ဦးတင်ဝင်း၊ ခရီးသွားလုပ်ငန်း	(၂) သိန်း
(၆) ဦးစိန်ဝှက်၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ရန်ကုန်တိုင်း	(၂) သိန်း
(၇) ဦးဇော်လေး General(Myanmar)Group of Companies Co., Ltd.	(၂) သိန်း
(၈) ဦးမြတ်ဦး Baby Vita	(၂) သိန်း
(၉) ဦးခင်မောင်သန်း၊ လစန္ဒာပုံနှိပ် မင်နှင့် စက္ကူရောင်းဝယ်ရေး	(၁) သိန်း
(၁၀) ဦးမောင်မောင်ကြီး MMG ဆောက်လုပ်ရေးလုပ်ငန်း	(၁) သိန်း
(၁၁) ဦးထွန်းမြင့် New Power Stainless Steel Co., Ltd.	(၁) သိန်း
(၁၂) ဦးစိုးမြင့် Sule Center Point Fishion Store	(၁) သိန်း
(၁၃) ဦးအောင်နိုင် Asia Winner Co., Ltd.	(၁) သိန်း
(၁၄) ဦးမောင်မောင်၊ ကမ္ဘာ့အလင်းရောင်ကုမ္ပဏီလီမိတက်	(၁) သိန်း
(၁၅) ဦးလှဝင်း Green One Co., Ltd.	(၁) သိန်း
(၁၆) ဦးသိန်းအောင်၊ အောင်ဆောက်လုပ်ရေးလုပ်ငန်း	(၁) သိန်း
(၁၇) ဦးညီညီထွန်း၊ ချာချီယားကုမ္ပဏီလီမိတက်	(၁) သိန်း
(၁၈) ဦးခင်ရွှေ City world Co., Ltd.	(၁) သိန်း
(၁၉) ဦးစိုးမြင့်၊ စိုးမြင့်နှင့်သားများစတီးလ်ကုမ္ပဏီ	(၁) သိန်း
(၂၀) MAX Myanmar Co., Ltd.	(၁) သိန်း
(၂၁) Charm Co., Ltd.	(၁) သိန်း
(၂၂) ဦးထက်ဝေမင်းထွန်း၊ မင်းမင်းပို့ဆောင်ရေး	(၁) သိန်း
(၂၃) Asia world Co., Ltd.	(၁) သိန်း
(၂၄) ဦးဝင်းစိုး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း	(၁) သိန်း
(၂၅) ဦးအောင်ထွေး Cairo Tailor	(၁) သိန်း
(၂၆) ဦးမောင်မောင် (MD) PGI Co., Ltd.	(၁) သိန်း
(၂၇) ဦးဝင်းအောင် (MD) King Star Enterprise	(၁) သိန်း
(၂၈) ဒေါက်တာ ခင်စန်းလင်း Win Light Co., Ltd.	(၁) သိန်း
(၂၉) Peace Maker Music Band	(၁) သိန်း
(၃၀) ဦးထင်အောင်ကျော်၊ မော်တော်ယာဉ်လုပ်ငန်း	(၁) သိန်း
(၃၁) ဒေါက်တာခင်မောင်ဖြူ ANO Co., Ltd.	(၁) သိန်း

မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်လှရွှေ**[၁၃/လရန(နိုင်)၀၆၂၃၄၅](ဘ) ဦးချင်လင်နှင့် ကျွန်မ **မရှောက်ဖန်**[၁၃/လရန(နိုင်)၁၀၄၅၇၉] (ဘ) ဦးရှောက်စော်တို့သည် ၁၅-၁-၂၀၀၄ရက်နေ့တွင် တွံဖက်မြို့နယ် တရားသူကြီး ဦးအောင်မြင့် (ကြည့်မြင်တိုင်မြို့နယ်တရားရုံး)၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

ကိုလှရွှေ-မရှောက်ဖန်။

မြန်မာကျော်

ကာလာစတီး အမိုးသွပ်ပြားနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး

အဆောင်(၁၀၆)၊ အခန်း(၅)၊ အဆောင်သစ်၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့။ ဖုန်း-၇၀၀၉၈၁၊ ၀၉-၂၀၀၄၆၆၇။

သံရည်ကျိုစက်ရုံ

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းနှင့်အညီ စက်ကိရိယာ နည်းပညာဖြင့် စက်မှုလုပ်ငန်းသုံး သံကြွပ်ပစ္စည်း အမျိုးမျိုးကို စိတ်တိုင်းကျ တိကျစွာဖြင့် သွန်းလောင်းပေးနိုင်ပါသည်။

အမှတ်(၁၀၂)
ဘောဂဗလလမ်း၊ အဝိုင်းမှတ်တိုင်
မြောက်ဥက္ကလာပစက်မှုဇုန်
ဖုန်း-၆၆၃၆၄၄။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Boiler Man	**ကျား**	**(၁) ဦး**
2. Generator Technician	**ကျား**	**(၁) ဦး**
3. Water Operation Management (Plumbing, Operation & Repair of Water Pumps)	**ကျား**	**(၁) ဦး**
4. Diesel and Battery Forklift Operator	**ကျား**	**(၁) ဦး**
5. Ammoia Compressor Technician	**ကျား**	**(၁) ဦး**
6. Mechanical and Electrical Engineer	**ကျား**	**(၁) ဦး**
7. Personnel Manager	**ကျား/မ**	**(၁) ဦး**
8. Export & Import ကျွမ်းကျင်သူ	**ကျား/မ**	**(၁) ဦး**

အမှတ်စဉ်(၁)၊ (၂)၊ (၃)၊ (၄)ရာထူးအတွက် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည့်အပြင် လုပ်ငန်းကို ကျွမ်းကျင်စွာ ဦးဆောင်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

အမှတ်စဉ်(၅)၊ (၆)ရာထူးအတွက် A.G.T.I(Mechanical) နှင့် (Electrical) (သို့) B.E(Mechanical) နှင့် (Electrical) အင်ဂျင်နီယာဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။ အသက်(၃၀)နှစ်နှင့် (၄၀)နှစ်အတွင်းရှိသူ ဖြစ်ရမည်။

အမှတ်စဉ်(၇)ရာထူးအတွက် လျှောက်ထားသူများသည် ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူကို ဦးစားပေးစဉ်းစားမည်။

အမှတ်စဉ်(၈)ရာထူးအတွက် လျှောက်ထားသူများသည် Exportနှင့် Import လုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူကို ဦးစားပေးစဉ်းစားမည်။

အထက်ပါရာထူးအတွက် နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ စိတ်ဝင်စား လျှောက်ထားလိုသူများသည် ၃၀-၁-၂၀၀၄နေ့မတိုင်မီ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်နှင့် မကြာသေးမီက ရိုက်ကူးသော ရောင်စုံဓာတ်ပုံနှင့် အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

MASCOT INDUSTRIES CO., LTD.
အမှတ်-၁၁(က)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းအမှတ်-၅၀၅၅၃၅၊ ၇၀၄၁၈၅၊ ၇၀၇၂၃၂။

ရွှေဆိုင်ငှားမည်

ဖုန်း- ၃၈၀၇၇၀၊
၅၄၄၆၈၀။

ရုံးချိန်းပြင်ဆင်ချက်

ရန်ကုန်တိုင်းတရားရုံး၊ တွံဖက်တိုင်းတရားသူကြီး(၆)ရုံးရှိ တရားမကြီးမှု အမှတ်-၇၁၈/၀၃တွင် တရားပြိုင် ဦးဝင်းထွန်းဇော်သိရှိစေရန် တရားလို ဒေါ်မြသဲညွှာရဲထွန်းက သတင်းစာတွင် ကြော်ငြာထည့်သွင်းခဲ့သော ၁၈-၁၂-၂၀၀၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရုံးချိန်းဖြစ်သော ၁၉-၁၂-၂၀၀၃ရက်နေ့အစား ၂-၂-၂၀၀၄နေ့သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

သိန်းသိန်းညွှန့်
တွံဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင်စေတီတော်ကြီးအား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်လျက် ရှိပါသည်။ သူတော်စင်အပေါင်း ကုသိုလ် ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်

ဂေါပကအဖွဲ့ (ဖုန်း) ၂၉၂၁၆၉
မှူးအဖွဲ့မှူး (ဖုန်း) ၂၀၁၇၆၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန (အခြေစိုက်အလုပ်ရုံ – ၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံ (၃)တွင် ဖွင့်လှစ်သော အမျိုးသား/သမီး အခြေခံယာဉ်မောင်းသင်တန်းကို ၂-၂-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။

- ၁၂-၁-၂၀၀၄နေ့တွင် စာရင်းပေးသွင်းနိုင်ပါသည်။
- အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှ သင်ကြားပေးသည်။
- သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ဆက်သွယ်ရန် – ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြို့ပေါ်ဟောဝန်ပန်းခြံလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း – ၆၆၀၈၅၁။

အမည်ပြောင်းခြင်း

ဦးသင်အောင်၏သား အထက(၁)ဒဂုံ၊ နဝမတန်း(L)မှ မောင်ကျော်ဖြိုးသက်အား ယနေ့မှစ၍ မောင်ဖြိုးသီဟကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဖြိုးသီဟကျော်။

မွေးနေ့ဆုတောင်း

၁၅-၁-၂၀၀၄နေ့တွင် ကျရောက်သော အနန္တကျေးဇူးရှင် ချစ်ဖေဖေ **ဦးမင်းဇော် M.D (MYANMAR MANN GROUP GENERAL TRADING CO., LTD.)**၏ (၄၅)နှစ်မြောက် မင်္ဂလာမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးပြီး ဘဝတစ်လျှောက် ကျန်းမာ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ချစ်ဇနီး–ဒေါ်နန်းလုံ
ချစ်သမီးကြီး–ကေသရီမင်းဇော် (Secondary II A) I.L.B.C
ချစ်သား–စိုင်းကောင်းထက်သူ (Primary VI C)I.L.B.C
ချစ်သမီး–လှယမင်းအိမ် (Primary VB) I.L.B.C

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ဗဟန်းမြို့နယ် ရွှေဂုန်ရိပ်မွန်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်	အမည်ပြောင်းလျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
	ဒေါ်မာကျော်ရီချန်း [၁၂/ကတတ(နိုင်) ၀၀၅၇၆၇]	ဦးတင်မောင် ဒေါက်တာ ဌေးဌေးမော် [၁၃/တကန(နိုင်)၁၃၃၆၂၇] [၁၃/တကန(နိုင်)၀၆၈၀၈၀]	တိုက်(၃) အခန်း(၁၂) ရွှေဂုန်ရိပ်မွန်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

OD Tour

OD Tour အဆင့်မြင့် ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်များ

(၁) ...–Jan.25,29(Flight)/ Jan 28(Boat)
(၂) ပုဂံ–Jan.16,22,23,Feb 12,27,28
(၃) တောင်ကြီး–Jan.16,23,Feb 12,27,28
(၄) ငပလီ–Jan.22,23,Feb 8,12,27,28,29
(၅) ...–Jan.30 Feb 6,13
(၆) ...Feb 11,13,27

OD Style

No.52 ...

ရွှေခက်တော် EXPRESS

JAN 25 FEB 10,20

VACANCIES

(For local service only, Salary in Kyats)

We are seeking for suitable candidates to employ in following positions:-

No.	Position	Sex	Age	#of Emp.
1.	**General Manager** (Graduate(or)Post Graduate/diploma, computer literate, fluent in English, over 10 years experience)	M/F	35-45	1
2.	**Restaurant Manager** (Related degree/diploma, computer literate, fluent in English, over 5 years experience)	M/F	28-40	2
3.	**Chief Cook** (High school, over 5 years experience)	M	30-40	2
4.	**Secretary** (Graduate/diploma, computer literate, fluent in English, over 5 years experience)	F	25-30	1
5.	**Trade Supervisor** (Graduate/diploma, 3 years experience)	M/F	30-35	2
6.	**Trade Assistant** (High school, 1 year experience)	M	20-30	5
7.	**Electrician** (Related degree/diploma, over 3 years experience)	M	20-35	2
8.	**Waiter (or) Trainee Staff** (High school, experience not needed)	M	18-25	10

Attractive salary and package will be offered to the right candidates. Please submit CV with a photo, previous experience, contact address & phone no., expected salary and a labor registration copy to " **Paing Thar Group Co., Ltd.**" No. 1948, Yangon Pathein Road, Hlaing Tharyar Township, Yangon (or) P.O.Box (857) within 10 days of this advertisement.

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

သီဟသုခမ္မ မဏိဇောတရေ၊ လူမှုထူးချွန်တတိယဆင့် ဦးစိုးမြင့် ဥက္ကဋ္ဌ အမ်အက်(ဖ်)အက်(ဖ်) ကုမ္ပဏီအား ၄-၁-၂၀၀၄ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၄)ဖြင့် ထုတ်ပြန်သည့် **လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)** ချီးမြှင့်ခြင်းခံရသည့်အတွက် လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍ လူမှုရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းကို ကန့်ဘလူမြို့နယ်မှ လိုက်လှဲစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြို့မိမြို့ဖအဖွဲ့ ကန့်ဘလူမြို့။
မဟာရွှေစည်ကြီးစေတီတော် ဂေါပကအဖွဲ့ ကန့်ဘလူမြို့။
အလုပ်အမှုဆောင်အဖွဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကန့်ဘလူမြို့နယ်။

Miracle Computer Center

ICT PROFESSIONAL SCHOOL

C/C++ Programming

- Introduction to Computer System
- C++ Statements & Functions
- Basic Data Structure with C++
- Data Management with File

15% Discount for UCSY Student

Opening Date- 21-01-04

No(218), Room(8), Anawrahta Road, Lanmadaw Tsp, Yangon, Ph: 224330, Email: mic@mptmail.net.mm

လူပျောက်ကြော်ငြာ

မငြိမ်းငြိမ်းအေးလွင်(ခ)ငြိမ်းငယ် [၁၂/စခန(နိုင်)၀၄၇၂၇၄]သည် ၁၂-၁-၂၀၀၄ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားပါက တရားဥပဒေအရ ဆောင်ရွက်မည်။

မိခင်–ဒေါ်စန်းစန်းရီ
တိုက်(၁၀)၊ အခန်း(၃)၊ သထုံလမ်း၊ ကမာရွတ်၊
ဖုန်း–၇၀၆၅၀၅။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
၂၀၀၄–၂၀၀၅ပညာသင်နှစ်
ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၆)
Postgraduate Diploma in Teaching (PGDT)
သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း (Postgraduate Diploma in Teaching) (PGDT) အမှတ်စဉ်(၆)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းတက်ခွင့် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်။
(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခု(ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှ ဘွဲ့(ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့) ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ(သို့မဟုတ်)ဘွဲ့ရကြောင်း ထောက်ခံစာ ပူးတွဲတင်ပြရမည်။
(ဃ) မွေးသက္ကရာဇ်အထောက်အထားအတွက်လျှောက်လွှာနှင့်အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။
(င) ၂၀၀၄ခုနှစ် ဇွန်လ (၇)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။
(စ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်ရမည်။
(ဆ) သင်တန်းအောင်မြင်ပြီးသူများအား ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာ (PGDT)လက်မှတ်ချီးမြှင့်မည်။
(ဇ) သင်တန်းကာလမှာ ၂၀၀၄ခုနှစ် ဇွန်လ (၇)ရက်မှ ၂၀၀၅ခုနှစ် မတ်လအထိ ဖြစ်ပါသည်။
(ဈ) သင်တန်းကြေးမှာ တစ်လလျှင် ကျပ်(၁၅၀၀)ဖြစ်ပြီး၊ နေထိုင်စားသောက်ရေးကို မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်။
(ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်မည်။

၃။ မူလတန်းပြဆရာအဖြစ် စတင်ခန့်အပ်ပြီး လုပ်သက်တစ်နှစ်ပြည့်မြောက်ပါက အလယ်တန်းပြအဖြစ် ဆန္ဒပြုမှုနှင့် နေရာလစ်လပ်မှုအရ ရာထူးတိုးမြှင့်ခန့်ထားပေးမည်။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်လုပ်သက်ပြည့်မီပါက ပညာရေးဘွဲ့ (B.Ed) သင်တန်းဝင်ခွင့်အစီအစဉ်အရ တက်ရောက်ခွင့်ရရှိမည်။ (B.Ed)သင်တန်းတွင် သတ်မှတ်သည့်အရည်အချင်းပြည့်မီသူများသည် ပညာရေးဘွဲ့ (M.Ed) သင်တန်းသို့ တက်ရောက်ခွင့်ရှိပါသည်။

၄။ လူတွေ့နှုတ်ဖြေကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့မှစ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများနှင့် ရန်ကင်းပညာရေးကောလိပ်တို့တွင် လူတွေ့စစ်ဆေးမေးမြန်းမည်ဖြစ်ပါသည်။ ဘွဲ့လက်မှတ်မူရင်းနှင့်အခြေခံပညာ အထက်တန်းအဆင့် အောင်လက်မှတ်မူရင်းတို့ကို တစ်ပါတည်းယူဆောင်လာရပါမည်။ ပညာရေးဝန်ထမ်း (သို့မဟုတ်) အခြားဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာကျောင်း၊ ရုံး၊ ဌာနအကြီးအကဲ၏ ထောက်ခံစာမူရင်းကို ယူဆောင်လာရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်သူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံ၊ မျက်မှန်မပါဓာတ်ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ **၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်နေ့**ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။ ပညာရေးကောလိပ်ဝန်ထမ်းများ၏ သားသမီး/မှီခိုသူများသည် ရန်ကင်းပညာရေးကောလိပ်သို့ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

ဘိုဝင်း၊
ညွှန်ကြားရေးမှူးချုပ်။

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇန်နဝါရီလ (၂)ရက်

၂၀၀၄–၂၀၀၅ ပညာသင်နှစ်
ဘွဲ့လွန်ဆရာအတတ်ပညာဒီပလိုမာသင်တန်းအမှတ်စဉ်(၆)
Postgraduate Diploma in Teaching(PGDT)
